၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.804, MARCH 6, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## လူထု နိုင်ငံရေး ခံစားချက် လေ့လာဖို့ ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း

**VOA ၊ မတ်လ ၃ ။** ။ မြန်မာပြည်သူလူထု လက်ရှိ ခံစားနေရတဲ့ နိုင်ငံရေးခံစားချက်တွေကို NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ ပိုပြီး သိအောင် တိုးမြှင့်လုပ်ဆောင်ကြဖို့လည်း NLD အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။ ဒီကနေ့ NLDဗဟို အလုပ်အမှုဆောင်တွေနဲ့ ရန်ကုန်တိုင်းထဲက မြို့နယ်နဲ့တိုင်း စည်းရုံးရေးမှူးတွေ NLD အဖွဲ့ချုပ်ရုံးချုပ်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့ပွဲမှာ အခုလို ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့တာလည်းဖြစ်ပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေတွေပေါ်မှာ ပြည်သူလူထုတွေရဲ့ ခံစားနေရမှုတွေကို NLD ပါတီက ပိုပြီးသိရအောင် လူထုဆီက အသံတွေ နားထောင်ဖို့၊ တုံ့ပြန်ချက်တွေ ပေးနေတဲ့ လူထုဆီကို NLD ပါတီဝင်တွေ အရောက်သွားဖို့ကိစ္စတွေကို ဒီကနေ့ အဓိကဆွေးနွေးခဲ့ကြတယ်လို့ NLD ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အဓိက ရည်ရွယ်ချက်ကတော့ ပါတီတရပ်မှာ အထက် အောက် အမြဲတမ်းထိတွေ့ဆက်ဆံဖို့ရယ်၊ ပြီးတော့ လက်ရှိနိုင်ငံရေးအခြေအနေပေါ်မှာ ပြည်သူလူထုဆီက တုံ့ပြန်မှု၊ ခံစားမှု ဒါတွေကိုသိချင်တယ်။ နောက် ဒီအပေါ်မှာ ဆွေးနွေးတာပေါ့။ နိုင်ငံရေးဆိုတာပြည်သူလူထု အတွက်လုပ်တာ။ အဲတော့ ပြည်သူလူထုဆီက ခံစားမှုကိုသိနေရမယ်။ သူတို့က လာမပြောတောင် ကိုယ်က ဒီဟာကိုသွားရောက် နားထောင်ဖို့၊ လေ့လာဖို့တာဝန်ရှိတယ်။ ဒီတာဝန်တွေကို ကျေကျေပွန်ပွန်ဆောင်ရွက်ကြဖို့၊ ဒါကို ဆွေးနွေးကြတာ။"

NLD ပါတီဟာ လူထုကြား အရောက်သွားဖို့နဲ့ ပြည်သူတွေအကျိုးအတွက် တောင်းဆိုနေတဲ့ အမျိုးသားရင်ကြားစေ့ရေးကိစ္စကို လည်း ယုံကြည်ချက်အပြည့်နဲ့ ရှေ့ဆက်ဖို့ NLD ပါတီခေါင်းဆောင်၊ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့တယ်လို့လည်း ပြောပါတယ်။

"ပြည်သူတွေဆီက သတင်းမရရင်တောင် ကိုယ်က သတင်းကို၊ ပြည်သူတွေခံစားမှုကို သိအောင်လုပ်ရမယ်ဆိုတာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကို ပြောကြားတဲ့စကားပါ။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပြည်သူတွေရဲ့အကျိုးအတွက် တောင်းဆိုတာ၊ ပြည်သူတွေထိခိုက်မှုအနည်းဆုံးနည်းလမ်းနဲ့အကောင်းဆုံးနည်းလမ်းကို ရွေးချယ်တာ။ ဒီဥစ္စာက မဖြစ်သေးဘူးလို့အပြစ်ပြောနေမယ့်အစား ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ပြောပါတယ်။"

NLD ရုံးချုပ်မှာ ဗဟိုကော်မတီ အဖွဲ့ဝင်တွေနဲ့ NLD တိုင်းနဲ့ပြည်နယ် ၁၃ ခုက စည်းရုံးရေးအဖွဲ့ဝင်တွေဟာ ဒီကနေ့ မတ်လ ၃ ရက်နေ့ကစလို့ မတ်လ ၁၈ ရက်နေ့ထိ အလှည့်ကျတွေ့ဆုံဆွေး နွေးပွဲတွေ ပြုလုပ်မှာဖြစ်ပြီး ဒီကနေ့ပထမဆုံးနေ့မှာ ရန်ကုန်တိုင်း တာဝန်ခံစည်းရုံးရေးမှူးတွေ၊ ရန်ကုန်တိုင်းအတွင်းက မြို့နယ်တာဝန်ခံစည်းရုံးရေးမှူးတွေနဲ့ ဆွေးနွေးပွဲစခဲ့ပါတယ်။ အထူးသဖြင့် ကိုယ်ယူထားတဲ့ တာဝန်ကို ကျေပွန်ကြဖို့ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါတယ်။

ရန်ကုန်တိုင်းဟာ ဗဟိုအဖွဲ့ချုပ်နဲ့အနီးဆုံးဖြစ်တာမို့ တခြားမြို့နယ်နဲ့တိုင်း၊ ပြည်နယ်တွေထက်စာရင် စံပြအဖွဲ့အစည်းတခုဖြစ်သင့်တယ်လို့ဒေါ်အောင်ဆန်းစုကြည်ကတိုက်တွန်းသွားသလိုကိုယ်ယူထားတဲ့တာဝန်ကိုမကျေဘူးဆိုရင်လည်းလူထုကိုအားနာစရာကောင်းတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။ တခါ NLD ပါတီဟာ လုပ်ရှားသင့်သလောက် မလှုပ်ရှား၊ လုပ်သင့်သလောက်မလုပ်

**စာမျက်နှာ ၂ သို့**

**နိုင်ငံတော်ဘတ်ဂျက်နဲ့ အထူးရန်ပုံငွေ ခွဲဝေမှု တွေဟာ ဥပဒေအင်္ဂါ ရပ်နဲ့ မညီ** — **စာမျက်နှာ ၃**

**မြန်မာနိုင်ငံမှာ ပစ္စည်း မျိုးစုံ အိမ် ခြံမြေ စား သောက်ကုန်ဈေးနှုန်း တွေ မြင့်တက်** — **စာမျက်နှာ ၄**

**ငွေ သောက်သုံးရေ ဖူလုံ ရေး အမျိုးသားဒီမို ကရေစီအဖွဲ့ ချုပ် အကူ အညီများပြင်ဆင်** — **စာမျက်နှာ ၇**

**ပုံးကွဲအပြီး လုံခြုံရေးတင်း ကျပ်မှုကြောင့် ရန်ကုန်မြို့ ခံတွေ စိတ်ပျက်ကြရ** — **စာမျက်နှာ ၁၂**

**စစ်အစိုးရ၏ကာကွယ်ရေး အသုံးစရိတ်သစ် စာရင်း မှန်မဖြစ်နိုင်ဟု ဝေဖန်** — **စာမျက်နှာ ၁၅**

**မနှစ်ကထက်ရာသီဥတု ပိုမိုကောင်းနိုင်ဟု မိုးဇလပညာရှင် ဦးထွန်းလွင် ခန့် မှန်း** — **စာမျက်နှာ ၁၈**




# လပိုက်ညမှောင်မဲမဲတွင် ခွေးဟောင်သံတိတ်နေခြင်း

ပြည်သူလူထုကိုတသက်လုံးစစ်ကျွန်အဖြစ်သွတ်သွင်းမည့်၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကိုအသက်သွင်းလိုက်သည့် စစ်တပ်လွှတ်တော် ပြီးဆုံးသွားလေပြီ။ အားလုံးက ထင်ထားသည့်အတိုင်း ဝန်ကြီးချုပ်တဖြစ်လဲ ဗိုလ်ချုပ်သိန်းစိန် ခေါ် ဦးသိန်းစိန်သည် နိုင်ငံတော်သမတအဖြစ် စစ်အရောင်အသွေးများတဲ့ လွှတ်တော်မှ ခန့်အပ်လိုက်သည်။

ဗိုလ်ချုပ်တဖြစ်လဲ ဦးတင်အောင်မြင့်ဦးနှင့် နအဖကကျောထောက်နောက်ခံပေးထားသည့်ရှမ်းနွယ်ဖွားကြံ့ဖွံ့ပါတီဝင် ဒေါက်တာစိုင်းမောက်ခမ်းတို့ကိုလည်း လွှတ်တော်မှ ဒုတိယသမတများအဖြစ်ခန့်အပ်လိုက်သည်ဟုဆိုပါ သည်။ တိုင်းပြည်မည်သို့ပင်ဖြစ်စေကာမူ စစ်တပ်မှ တိုင်းပြည်ကို ဆက်အုပ် ချုပ် မည်ဆိုသည်ကို တရားဝင်ကြေညာလိုက်ခြင်းဖြစ်သည်။ အစိုးရဆိုသည့်အဖွဲ့တွင် ပခုံးပေါ်က ရွှေကြယ်တဝင်းဝင်းအစား ခေါင်းပေါင်းစတလူလူဖြစ်သွားတာကကလွဲ၍ အုပ်ချုပ်ရေးပုံသဏ္ဍာန်ပြောင်းလဲသည်ဟု မယူဆပေ။

ယခုကဲ့သို့ အစိုးရအဖွဲ့ထိပ်တန်းအဆင့်တွင် ဆိုးသွမ်းလှသည့်အာဏာရှင်အဖြစ် ကမ္ဘာကျော်သည့် ဗိုလ်ချုပ်သန်းရွှေတယောက် ခြေရာပျောက်နေသည်မှာ ထူးခြားနေသည်။ မည်ကဲ့သို့သော အနေအထားဖြင့် ဗိုလ်သန်းရွှေ အာဏာကို ဆက်ထိန်းထားမည်နည်းဆိုသည်က မေးခွန်းထုတ်စရာဖြစ်နေသည်။ မည်သို့ပင်ဆိုစေကာမူ လပိုက်ညမှောင်မဲမဲတွင် ခွေးဟောင်သံတိတ်နေခြင်းက ထူးနေသည်ဟု ဆိုရပေမည်။

လက်ရှိအနေအထားအရ သမတဦးသိန်းစိန်သည် အမြင့်ဆုံးအာဏာပိုင်ဆိုင်ထားသူဟုအများအမြင်မှာ ထင်ရပေမည်။ သို့သော် တိုင်းပြည်ရေးရာ စီမံခန့်ခွဲရေးတွင် ဦးသိန်းစိန်၏ လုပ်ဆောင်ချက်တွေကို စောင့်ကြည့်ရပေတော့မည်။ စစ်ဝတ်စုံချွတ်၍ အရပ်ဝတ် ပြောင်းလိုက်သော ဦးသိန်းစိန်အနေဖြင့် ကိုယ့်သမိုင်းကိုယ်ရေးဖို့ အခွင့်အခါကောင်းဟု ယူဆသည်။

ယဉ်ကျေးသော ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းတချို့မှ အကောင်းမြင်သဘောဖြင့် ဒီမိုကရေစီအပြောင်းအလဲအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာခြင်းဟု သုံးသပ်သူတွေလည်းရှိသည်။ အာဏာရှင် နအဖစစ်ဗိုလ်ချုပ်ကြီးများအကြောင်း သိလွန်းလို့ အသဲနှလုံးမှာ ကျွဲပုခုံးထနေသည့် မြန်မာလူထု၏ အသိစိတ်တွင် လူပြောင်းသည်ကို မလိုလားပဲ၊ မူပြောင်းရန်ကိုသာ တောင်းဆိုနေကြခြင်းဖြစ်သည်။

ယခုကဲ့သို့ အစိုးရယန္တယားတွင် စစ်တပ်ပါဝင်နေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အနှောင့်အယှက်ဖြစ်နေဦးမည်မှာ အတိတ်မှ စစ်ဗိုလ်ချုပ်များ၏ ညံ့ဖျင်းသော အရည်အချင်းများက သက်သေပြနေပေသည်။ မြန်မာနိုင်ငံတိုးတက်ရေးလိုလားသူ မည်သူမဆို ဤအချက်ကို မေ့မထားသင့်ကြောင်း သတိပေးရေးသားလိုက်ရပေသည်။

## အကောက်ခွန်ရုံးရှေ့ ဗုံးတွေ့ထိတ်လန့်

**DVB ၊ မတ်လ ၁ ။** ။ ပြီးခဲ့တဲ့ လကုန်ပိုင်း (၂၆)ရက်နေ့က ဗန်းမော်ခရိုင်၊ လွှယ်ဂျယ်မြို့၊ တရုတ်–မြန်မာ နှစ်နိုင်ငံ ဝင်ထွက်ပေါက်အနီးက မြန်မာအကောက်ခွန်ရုံးရှေ့မှာ ဗုံးတွေ တွေ့ရှိပြီးနောက်ပိုင်း ဌာနဆိုင်ရာရုံးတွေ အထိတ်တလန့်ဖြစ်နေသလို ဒေသအတွင်း စစ်ဆေးမှုတွေ တင်းကျပ်နေတယ်လို့နယ်စပ်ကလာတဲ့ သတင်းတွေအရ သိရပါတယ်။

လွှယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ကျ အကောက်ခွန်ဌာနခေါ် ကာစတန်ရုံးဟာ ကုန်သည်တွေအပေါ် အလွန်အကျွံ ငွေတောင်းတာတွေရှိနေတာမို့ အခုလို ဗုံးထောင်သွားမှုအပေါ် နယ်ခြားစောင့်တပ် လက်မခံလို့နှစ်ဘက် စစ်ရေးတင်းမာနေတဲ့ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို)ဘက် ကလား၊ ဒါမှမဟုတ် ကုန်သည်တွေထဲက လုပ်တာလားဆိုပြီး ဒေသခံတွေအကြား ထင်ကြေးအမျိုးမျိုးရှိနေတယ်လို့ ဒေသခံတဦးက အခုလိုပြောပါတယ်။

“ပြီးခဲ့တဲ့သုံးရက်လောက်က လွှယ်ဂျယ်မှာရှိတဲ့ ကာစတန်ရုံး၊ အဲဒီအပေါက်ဝမှာ မိုင်း၊ မကွဲသေးဘူးဗျ၊ မိုင်းကိုတွေ့သွားတာလေ။ အဲဒီမှာ ဗျူဟာမှူးလာပြီးတော့ မိုင်းကိုလာသိမ်းသွားတယ်။ တချို့ကလည်းဘာပြောလဲဆိုတော့ ကာစတန်ကို ခြိမ်းခြောက်တာပေါ့။ အတောင်းအရမ်းများလို့ပေါ့၊ မင်းတိုသတိထားပေါ့။ အဲလိုဆိုတော့ ဌာနဆိုင်ရာတွေလည်း လန့်နေကြတာ။ ကာစတန်ရုံးကိုရွေးပြီး မိုင်းကို ချသွားတယ်ဆိုတော့ တောထဲကလူလား၊ ကုန်သည်တွေထဲကလား အဲလို ဇဝေဇဝါဖြစ်ကုန်တာလေ။”

ဗုံးတွေ့ပြီးနောက်ပိုင်း ညွှေ့စာရင်းစစ်တာတွေနဲ့ ခရီးသွားတွေအပေါ် စစ်ဆေးတာ ပိုမိုပြုလုပ်နေသလို တရုတ်အာဏာပိုင်တွေကလည်း အခုလို သူတို့နယ်စပ်အနီးမှာ ဖြစ်လာတဲ့အပေါ် စိုးရိမ်ပြီး စစ်ဆေးမှုတွေလုပ်နေတယ်လို့အဆိုပါလွှယ်ဂျယ်ဒေသခံက ပြောပါတယ်။

**မျက်နှာဖုံးမှ**

သလို တက်ကြွသင့်သလောက်လည်း တက်ကြွတာ မတွေ့ရဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်သွားပါတယ်။

ကိုယ့်ကိုထောက်ခံတယ်ဆိုပြီးထိုင်မနေကြဖို့နဲ့ကိုယ့်ကိုထောက်ခံစေချင်ရင် ကိုယ့်ဘက်ကလည်း လူထုအတွက် ကြိုးစားအလုပ်လုပ်ကြရမှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ နိုင်ငံမှာအကြောက်တရားကင်းဖို့အတွက် ကြောက်တဲ့သူဘက်ကလည်း အဲဒီခံစားမှု ပျောက်အောင် ကြိုးစားရမှာဖြစ်သလို မကြောက်စေချင်သူဘက်လည်းကြိုးစားရမယ်လို့ဒေါ်အောင်ဆန်းစုကြည်ကတိုက်တွန်းပါတယ်။ လက်ရှိ နေပြည်တော်မှာကျင်းပနေတဲ့ လွှတ်တော်တွင်းကနေထွက်လာတဲ့ ဥပဒေတွေနဲ့ လူထုကို အသိပေးတင်ပြဖို့ ဆက်လက်ဆွေးနွေးသွားမယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ပြည်သူလူထု သိသင့်သိထိုက်တဲ့ကိစ္စတွေ ကျနော်တို့ နောက်ထပ်စာတွေ ထုတ်ဖို့လည်း စီစဉ်ပါတယ်။ ဒါပြည်သူတွေကို အသိပေးမှာ။ လက်ရှိ လွှတ်တော်ကြီးလည်း ခေါ်နေတယ်၊ ဥပဒေတွေကလည်း ထုတ်နေတယ်၊ ဒါတွေနဲ့ပတ်သက်ပြီး အသိပေးဖို့ အစီအစဉ်ရှိပါတယ်။ ပါတီတရပ်က အမြဲတမ်းသိရှိနေရမယ်၊ သိရှိအောင်လည်း လုပ်ဖို့ တာဝန်ရှိတယ်၊ ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြဖို့ ပြောတာပါ။”

NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်း ပြောပြသွားတာဖြစ်ပါတယ်။ မတ်လ ၁၈ ရက်နေ့ထိ ကျင်းပသွားမယ့် NLD ပါတီရဲ့ဆွေးနွေးပွဲမှာ နိုင်ငံရေးအခြေအနေတွေအပြင် လူမှုရေးနဲ့ စီးပွားရေးကိစ္စတွေကိုပါ အပြန်အလှန်ဆွေးနွေးကြပြီး လူထုကိုတင်ပြဖို့ စီစဉ်ထားတယ်လို့လည်း NLD ပါတီက ပြောပါတယ်။

# နိုင်ငံတော်ဘတ်ဂျက်နဲ့ အထူးရန်ပုံငွေ ခွဲဝေမှုတွေဟာ ဥပဒေအာဏာရပ်နဲ့မညီ

**VOA ၊ မတ်လ ၄ ။** ။ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အစိုးရအသုံးစရိတ်တွေထဲမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထက်ကို ကာကွယ်ရေး အသုံးစရိတ်တွေ ပိုများနေတဲ့အပေါ် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ဝေဖန်လိုက်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေသုံးစွဲတာနဲ့ပတ်သက်ပြီးတော့ ပြဋ္ဌာန်းချက်ဟာလည်း ဥပဒေနဲ့မညီဘူးလို့လည်း ထောက်ပြလိုက်ပါတယ်။ အပြည့်စုံကိုတော့ မသင်းသီရိက တင်ပြထားပါတယ်။

နိုင်ငံတော်ပြန်တမ်းမှာ ထုတ်ပြန်လိုက်တဲ့ ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေမှာ နိုင်ငံရဲ့ဖွံ့ဖြိုးရေးတွေဖြစ်တဲ့ ပညာရေးနဲ့ကျန်းမာရေးအသုံးစာရိတ်တွေထက် တပ်မတော်နဲ့ ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်တွေများနေတဲ့အပေါ် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဒီကနေ့စာထုတ်ပြန်ဝေဖန်လိုက်တာပါ။ ဒ့ါအပြင် နိုင်ငံတော်လုံခြုံရေးအတွက်လိုအပ်တဲ့ အသုံးစရိတ်ဆိုင်ရာ အထူးဥပဒေနဲ့ ပတ်သက်လို့လည်းNLD က ထောက်ပြခဲ့သလို ဒီသုံးစွဲမှုတွေအပေါ် ပြည်သူလူထုကသိခွင့်မရှိတာ၊ လွှတ်တော်တွင်းဆွေးနွေးခွင့်တွေ မရှိတဲ့အပေါ်ကိုအဓိကထောက်ပြခဲ့တယ်လို့ NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"တပ်မတော်ရေးရာနဲ့ ကာကွယ်ရေးအသုံးစာရိတ်ကို ယာထားတဲ့ငွေတွေက လွန်မင်းစွာ များပြားနေတယ်လို့ ကျနော်တို့တွေ့ရတာကိုပြောတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး၊ ကျန်းမာရေးအတွက် ဘဏ္ဍာငွေခွဲဝေယာထားတဲ့ ပမာဏဟာ အလွန်နည်းပါးကြောင်း မြင်သာတဲ့အချက်ဖြစ်ကြောင်း ကျနော်တို့ ဖော်ပြတယ်။ နောက်တခုက နိုင်ငံတော်အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော အသုံးစာရိတ်ဆိုင်ရာ အထူးရန်ပုံငွေဥပဒေ မြန်မာနိုင်ငံပြန်တမ်းမှာပါပါတယ်။ နှစ်စဉ်လိုအပ်တဲ့ ငွေကြေးပမာဏကို သမ္မတရဲ့သဘောတူညီချက်နဲ့ဖြည့်ဆည်းရမယ်၊ အဲဒီလိုပြောပါတယ်။ နောက်ပြီးတော့ ဒီဖြည့်ဆည်းရမယ့်ဘဏ္ဍာငွေကို သုံးတာကလည်း ကျနော်တို့ကာကွယ်ရေးဦးစီးချုပ်ကပဲ သုံးမယ်။ အဲဒီတော့ ကာကွယ်ရေးဦးစီးချုပ်ကသုံးတဲ့ငွေနဲ့ ပတ်သက်ပြီးတော့ ဘယ်သူကမှ မေးမြန်းခြင်း၊ တင်ပြစေခြင်း၊ စာရင်းစစ်ခြင်း ဒါတွေမလုပ်ရဘူးမလိုဘူးလို့ ပြဋ္ဌာန်းထားတယ်။ အဲဒီတော့ အဲဒီပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီးတော့ ပြည်သူ့ဘဏ္ဍာငွေကိုသုံးစွဲခြင်းနဲ့ပတ်သက်ပြီးတော့ ပြည်သူများက စစ်ဆေးမေးမြန်းခွင့်မရှိဘူးလို့ ပိတ်ပင်ထားတာက ကျနော်တို့ ဒီဥပဒေဟာ ဥပဒေအာဏာရပ်နဲ့မကိုက်ညီဘူးလို့ ထုတ်ပြန်ခဲ့ပါတယ်။"

ဥပဒေအာဏာရပ်နဲ့ညီဖို့အတွက်လိုအပ်တဲ့ အချက်အလက်တွေနဲ့ပတ်သက်လို့ ဦးဉာဏ်ဝင်း ထောက်ပြတာက -

"ဥပဒေအာဏာရပ်နဲ့ညီဖို့ဆိုရင် ဥပဒေမှာပါတဲ့ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေကတာဝန်ခံမှုရှိရမယ်။ တာဝန်ယူမှုရှိရမယ်။ မြင်သာထင်သာရှိရမယ်။ ဒီအချက်တွေ မပါလို့ရှိရင် ဥပဒေအာဏာရပ်နဲ့မညီပါဘူး။"

NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ CRPP အဖွဲ့ကလည်း NLD ပါတီက ဒီကနေ့ ထုတ်ပြန်လိုက်တဲ့ ဘဏ္ဍာရေးအသုံးစရိတ်ဝေဖန်ချက်အပေါ်မှာ ပူးတွဲပါဝင်ပြီး ဝေဖန်ထောက်ပြခဲ့ပါတယ်။ ဒီကနေ့ CRPP အဖွဲ့ကပြုလုပ်ခဲ့တဲ့ အစည်းဝေးမှာ နိုင်ငံတော်အသုံးစရိတ်ပေါ် NLD ရဲ့ဝေဖန်မှုကို ထောက်ခံတာအပြင် အရှေ့အလယ်ပိုင်းဒေသတွေမှာ ဖြစ်နေတဲ့ အာဏာရှင်တော်လှန်ရေး လူထုဆန္ဒပြမှုတွေနဲ့ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံထဲမှာရှိတဲ့ အခြေအနေတွေနဲ့နှိုင်းယှဉ်သုံးသပ်ခဲ့ကြတယ်လို့ CRPP အဖွဲ့က အတွင်းရေးမှူးဦးအေးသာအောင်က ပြောပါတယ်။

"လစ်ဗျားအရေးနဲ့ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ကို ကျနော်တို့က ကြိုဆိုတဲ့အကြောင်း၊ ပြီးတော့ လစ်ဗျားမှာ လက်ရှိအစိုးရက ဆန္ဒပြနေတဲ့ပြည်သူတွေကိုပစ်ခတ်တာတွေ၊ ဗုံးကျဲတိုက်ခိုက်တာတွေ ဒါတွေနဲ့ပတ်သက်လို့ အလွန်ပဲ စိုးရိမ်တဲ့အကြောင်း။ ပြီးတော့ နောက်ဆက်တွဲဖြစ်လာမယ့် အရေးတွေကိုလည်း ကျနော်တို့က စောင့်ကြည့်သွားမယ်။ ဒါကို အထူးစိုးရိမ်တဲ့အကြောင်းတွေကိုလည်း ဆွေးနွေးကြပါတယ်။ ၈.၈.၈၈ အရေး အခင်းမှာရော၊ သံဃာ့အရေးအခင်းမှာရော ပစ်ခတ်တာတွေ သွေးမြေကျရတာတွေ၊ အသက်ပေါင်းများစွာ ဆုံးရှုံးတာတွေ ဒီလိုပြည်သူတွေအတွက်ငြိမ်းချမ်းတဲ့နည်းနဲ့ မဖြေရှင်းတာတွေကို လစ်ဗျားအရေးအခင်းတွေနဲ့ ဆက်စပ်ပြီးတော့ ဆွေးနွေးကြပါတယ်။"

ဒီလိုအခြေအနေတွေအပြင် မြန်မာနိုင်ငံမှာ အရေးတကြီးကြုံနေရတဲ့ သစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိစ္စတွေအပေါ်မှာလည်း အထူးဆွေးနွေးခဲ့ကြတယ်လို့ ပြောပါတယ်။

"သစ်လုံးတင်တဲ့ကားတွေ တရုတ်ပြည်ကိုဘယ်နှစ်စီးလောက်ထွက်တယ်။ ဒါတွေနဲ့ပတ်သက်လို့သစ်တောတွေရဲ့ပြုန်းတီးမှုတွေ၊ အဲဒါတွေရဲ့ အကျိုးဆက်အနေနဲ့ မြစ်ရေလျှံမှုတွေ၊ တောင်ပြိုမှုတွေဒါတွေကိုဆွေးနွေးပါတယ်။ သစ်တောတွေပြုန်းတဲ့အတွက်ကြောင့် နောက်ဆက်တွဲ ဧရာဝတီမြစ်ကြောင်း တလျှောက်မှာဖြစ်ပေါ်လာမယ့် သဘာဝပတ်ဝန်းကျင်၊ မြစ်ကြောင်းတလျှောက်မှာရှိနေတဲ့ ပြည်သူတွေရဲ့ ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းတွေမှာ ထိခိုက်မယ့်အကြောင်းတွေ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်အထိ ထိခိုက်လာမယ့် ထိခိုက်နေတဲ့အကြောင်းအရာတွေကိုလည်း ဆွေးနွေးတယ်။"

CRPP အဖွဲ့က အတွင်းရေးမှူး ဦးအေးသာအောင် ပြောပြခဲ့တာပါ။ မြန်မာနိုင်ငံမှာကြုံနေရတဲ့ သစ်တောပြုန်းတီးမှုတွေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေအပေါ်မှာ CRPP အဖွဲ့က အချက်အလက်တွေ ပိုမိုစုဆောင်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဝေဖန်ထောက်ပြဖို့ စီစဉ်ထားတဲ့အပြင် ပြဿနာတွေရပ်တန့်သွားအောင် နိုင်ငံအတွင်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကိစ္စတွေကိုလုပ်နိုင်အောင် နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း အကြံပြုတင်ပြသွားဖို့ စီစဉ်ထားတယ်လို့ ပြောပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# မြန်မာနိုင်ငံမှာ ပစ္စည်းမျိုးစုံ အိမ် ခြံမြေ စားသောက်ကုန်ဈေးနှုန်းတွေ မြင့်တက်

**VOA ၊ မတ်လ ၂။** ။တူနီးရှားနဲ့အီဂျစ်ကစပြီးလက်ရှိလစ်ဗျားနိုင်ငံမှာ အစိုးရဆန့်ကျင် ဆန္ဒပြမှုတွေကြောင့် ကမ္ဘာ့ကုန်ဈေးနှုန်းတွေ တက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း လအနည်းငယ်ကြာ အေးစက်စက်ဖြစ်နေခဲ့တဲ့ အမေရိကန်ဒေါ်လာငွေဈေးနဲ့ ရွှေဈေးတွေဟာ ဖေဖော်ဝါရီလလယ်ပိုင်းလောက်စပြီး တဖြည်းဖြည်းနဲ့ ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ ပါတယ်။ ရွှေဈေး၊ အမေရိကန်ဒေါ်လာဈေးနဲ့ လောင်စာဆီဈေးတွေဟာ တခုနဲ့တခု ချိတ်ဆက်နေတာဖြစ်ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းတွေပါ လိုက်ပါမြင့်တက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက ပြောပါတယ်။ ဒါပေမဲ့ ကုန်ဈေးနှုန်းမြင့်တက်လာတာကြောင့် ဝင်ငွေနည်း မြန်မာပြည်သူလူထု အကျပ်အတည်းတွေ တစထက်တစပိုပြီး ကြုံလာရမှုကို မသိကိုထိုက်က စုစည်းတင်ပြပေးထား ပါတယ်။

ဒီရက်ပိုင်းအတွင်းမှာပဲ ဆန်ကြမ်းတပြည်ကို ၇၀၀ ကျပ်ကနေ ၁,၀၀၀ ကျပ်အထိ မြင့်တက်လာပါတယ်။ ဆန်ချောဈေးတွေလည်း အမြင့်ဘက်ကို ရောက်လာပါတယ်။ ဆန်ချောတအိတ်ကို အရင်ဈေးထက် ၅,၀၀၀ ကျပ်လောက် မြင့်တက်လာတာပါ။ ရန်ကုန်မြို့ခံ အိမ်ရှင်မတဦးကတော့ အထွေထွေ စားသောက်ကုန် ဈေးနှုန်းတွေတက်လာတဲ့အတွက် ဝင်ငွေနဲ့ထွက်ငွေမျှတအောင်သုံးစွဲရတာ မလွယ်ဘူးလို့ ပြောပါတယ်။

"ဆန်ဈေးတွေကလည်း တက်လာတယ်၊ ဆီဈေးတွေကလည်း တက်လာတယ်။ ကုန်ဈေးနှုန်းတွေက တက်လာတဲ့အခါကျတော့အိမ်ရှင်မတွေအတွက်တော့ ကသီတာပေါ့။ ဘာကြောင့် တက်နေမှန်းလဲ မသိဘူး၊ ကုန်ဈေးနှုန်းတွေ။"

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေက တစထက်တစ အတက်ဘက်ကို အမြဲတမ်းဦးတည်နေတာဖြစ်ပေမဲ့ ပြီးခဲ့တဲ့ လအနည်းငယ်ကတော့ အကြမ်းဖျင်း တဒေါ်လာကို ၁,၀၀၀ ကျပ်နှုန်း ပေါက်နေတဲ့အမေရိကန်ဒေါ်လာ ဈေးနှုန်းတွေ ကျပ် ၈၀၀ လောက်အထိကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီလလယ်ပိုင်းမှာ မူလက ဈေးကျနေတဲ့အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း တဖြည်းဖြည်းနဲ့ပြန်လည် မြင့်တက်လာခဲ့ပါတယ်။ အမေရိကန်ဒေါ်လာဈေး ပြန်မြင့်တက်လာတာနဲ့အမျှပြည်တွင်းရွှေပေါက်ဈေးလည်း မြင့်တက်လာခဲ့တာဖြစ်တယ်လို့ ရွှေကုန်သည်တဦးက ပြောပါတယ်။

"အခု ရွှေဈေးတွေက တက်နေတယ်။ စီးပွားရေးဆိုတာက ဈေးကွက်အားလုံးနဲ့ဆက်စပ်နေတော့ ဥပမာ ရွှေဈေးဆိုရင် ဒေါ်လာဈေးအတက်အကျနဲ့ သက်ဆိုင်နေတယ်။ ဆီဈေးဆိုလည်း ရေနံဈေးအတက်အကျနဲ့ ဆက်စပ်နေတာပေါ့။"

တဒေါ်လာ ကျပ် ၈၀၀ ခန့်ကနေ ၉၅၀ ကျပ်အထိ ငွေလဲနှုန်း ပြန်လည်မြင့်တက်လာတာနဲ့တပြိုင်နက် ရွှေဈေးကလည်း အခေါက်ရွှေ တကျပ်သား ၅၉၀,၀၀၀ ကျပ်ကနေ ၆၅၀,၀၀၀ ကျပ်အထိမြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့က ရွှေဆိုင်လုပ်ငန်းရှင် ကတော့ ရွှေဈေး မြင့်လာပေမဲ့ အရောင်းအဝယ်ကောင်းလာတယ်လို့ ပြောပါတယ်။

"ရွှေအရောင်းအဝယ်တွေက ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဲပေါ်ချိန်ဖြစ်နေတော့ ရွှေလုပ်တဲ့လူတွေက များများလာတယ်။ အရင်လကတော့ ရွှေဈေးကျနေတာတောင်မှ အရောင်းအဝယ် သိပ်မကောင်းဘူး။ အခု ရွှေဈေးတက်နေတာတောင် အရောင်းအဝယ်တွေက ပြန်ကောင်းလာတယ်။"

ကမ္ဘာ့ရေနံ အဓိကတင်ပို့ရောင်းချရာ အာရပ်နိုင်ငံတွေမှာ နိုင်ငံရေးမငြိမ်သက်မှုတွေကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းလည်း စံချိန်တင်မြင့်တက်လာတဲ့ တချိန်တည်းမှာပဲ မြန်မာနိုင်ငံမှာလည်း လောင်စာဆီဈေးနှုန်းတွေ လိုက်ပါ မြင့်တက်လာပါတယ်။ မူလက ဒီဇယ်ဆီ တဂါလံ ၃,၁၀၀ ကျပ် ပေါက်ဈေးကနေ အခုမတ်လဆန်းမှာ တဂါလံကို ကျပ် ၄,၀၀၀ လောက်အထိ မြင့်တက်လာခဲ့တာပါ။

ဈေးမြင့်တဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ လက်ရှိ အိမ်ခြံမြေဈေးကွက်က လတ်တလော အမေရိကန်ဒေါ်လာနဲ့ ရွှေဈေးနှုန်း ပြန်လည်မြင့်တက်လာတဲ့ အတွက်ကြောင့် ဈေးနှုန်းအတက်ဘက်ကို ထပ်ပြီးဦးတည်လာဦးမယ်လို့ အိမ်ခြံမြေ အကျိုးဆောင်တွေကမှန်းဆထားပါတယ်။ အိမ်ခြံမြေဈေးကွက် အလားအလာကို အကျိုးဆောင်တဦးက အခုလို ပြောပြပါတယ်။

"အခြေခံ အဆောက်အအုံ တိုက်ခန်းတို့၊ ကွန်ဒိုတို့၊ စက်ရုံတို့ ဒါတွေက မရှိမဖြစ်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ Foreigner တော်တော်များများကျတော့ ဝယ်လို့မှမရတာ။ ဝယ်လို့မရတဲ့အတွက် သူတို့က ငှားရမ်းပြီးမှပဲ လုပ်ရမှာပဲ။ အဲဒီတော့ ဘာပဲပြောပြော လုံးချင်းအိမ်တွေ၊ ကွန်ဒိုတွေ၊ တိုက်ခန်းတွေ ဒီ့ထက်တောင် ပိုပြီး လိုသွားနိုင်တယ်။"

လက်ရှိ ပြည်တွင်းမှာ အမေရိကန်ဒေါ်လာဈေး ပြန်လည်မြင့်တက်လာတဲ့ တချိန်တည်းမှာပဲ တခြားအထွေထွေကုန်စည်တွေ အားလုံးလိုက်ပါ ဈေးတက်လာပါတယ်။ အခုတော့ မြင့်တက်လာတဲ့ ပြည်တွင်း ဆန်ဈေးနှုန်းနဲ့ အထွေထွေစားသောက်ကုန် ဈေးနှုန်းတွေ ပြန်လည် တည်ငြိမ်လာရေးအတွက် စစ်အစိုးရက ပြည်ပဆန်တင်ပို့မှုကို ယာယီ ရပ်ဆိုင်းလိုက်ပါတယ်။

ပြည်တွင်းကုန်ဈေးနှုန်းတွေ ကမ္ဘာ့ဈေးနှုန်းနဲ့အညီ လိုက်ပါမြင့်တက်လာတိုင်း စစ်အစိုးရက ပြည်တွင်းက စီးပွားရေးသမားတွေကိုဖမ်းဆီးတာ၊ ပြည်ပတင်ပို့မှု ပိတ်ပင်တာတွေကို အဆင်အမြဲ လုပ်ကိုင်လာတာပါ။

ဒါပေမဲ့ စီးပွားရေးသမားတွေကတော့ ကုန်ဈေးနှုန်းတွေဟာ တခုနဲ့တခု ဈေးနှုန်းအတက်အကျချိတ်ဆက်နေတာဖြစ်တဲ့အကြောင်းနဲ့လက်ရှိ ဆန်ဈေးနှုန်း မြင့်တက်လာတာမှာလည်းလောင်စာ ဆီဈေးနှုန်းမြင့်တက်လာတာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ အာဆီယံ စံချိန်စံညွှန်းနဲ့အညီ သတ်မှတ်တန်ချိန်ပဲ သယ်ယူခွင့် ပြုလိုက်တာတွေကလည်း အကြောင်းရင်းတခုဖြစ်တယ်လို့ ပြောကြားပါတယ်။

# မြန်မာ့လူ့အခွင့်အရေး အခြေအနေ ကင်တာနား မကြာမီ အစီရင်ခံမည်

**VOA ၊ မတ်လ ၁ ။** ။ ၁၆ ကြိမ်မြောက်ကျင်းပတဲ့ လူ့အခွင့်အရေးညီလာခံအတွင်း လာမယ့်မတ်လ ၁၄ ရက်နေ့မှာတော့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Mr. Thomas Ojea Quintana) က မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးကောင်စီကို အစီရင်ခံ တင်ပြဖို့ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေ လုပ်ပဲ့မယ်၊ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း လွှတ်ပေးပဲ့မယ်လို့ မြန်မာအာဏာပိုင်တွေက ကတိကဝတ်ပြုခဲ့ပေမဲ့ မြန်မာနိုင်ငံတွင်းမှာ လူ့အခွင့်အရေးတိုးတက်မှုတွေ ဘာမှမတွေ့ရသေးဘူးလို့ မစ္စတာကင်တားနားကသုံးသပ်ထားပါတယ်။ အပြည့်အစုံကို စုံစမ်းမေးမြန်းထားတဲ့ ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ လွှတ်တော်ခေါ်ယူပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတယ်လို့ဆိုပေမဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့တိုးတက်မှုကို အခုအချိန်အထိ မမြင်ရသေးဘူးလို့ မစ္စတာကင်တားနား က ပြောပါတယ်။ လာမယ့်အစိုးရသစ်၊ အာဏာပိုင်သစ်အနေနဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အစိုးရလုပ်ငန်းစဉ်တွေထဲမှာ အစီအစဉ်တခု အနေနဲ့ထားသင့်သလို ကုလသမဂ္ဂနဲ့လည်း ပူးပေါင်း ဆောင်ရွက်သင့်တယ်လို့ သူက အကြံပြုပါတယ်။ ဒါပေမဲ့အခုအချိန်အထိတော့ အားရစရာမတွေ့သေးပါဘူးလို့ သူက အခုလိုပြောပါတယ်။

"မြန်မာအစိုးရအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေ လုပ်ပဲ့ မယ်လို့ ကတိပြုထားပေမဲ့ လူ့အခွင့်အရေးအခြေအနေ တိုးတက်ပြောင်းလဲမှုမရှိပါဘူး။ မြန်မာနိုင်ငံတွင်း အကျဉ်းထောင်အသီးသီးမှာ နိုင်ငံရေးအကျဉ်းသားတွေ ရှိနေတုန်းပါပဲ။ လွှတ်တော်ခေါ်ယူပြီးဆိုတာနဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးပဲ့မယ်လို့ မြန်မာအာဏာပိုင်တွေက ကတိပေးခဲ့တာ ရှိပါတယ်။

"ကျနော့်အနေနဲ့တော့ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်လာတာ မတွေ့ရသေးပါဘူး။ ဒါပေမဲ့ အသစ်တက်လာမယ့်မြန်မာအာဏာပိုင်တွေအနေနဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ စဉ်းစားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် အာဏာပိုင်အသစ်က လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ဘယ်လိုကိုင်တွယ်မလဲဆိုတာလည်း စောင့်ကြည့်ချင်ပါတယ်။"

မစ္စတာကင်တားနားအနေနဲ့ မြန်မာ့လူ့အခွင့်အရေး အခြေအနေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံကို သွားရောက်လေ့လာဖို့ ပြီးခဲ့တဲ့နှစ်အတွင်းမှာ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ ဒါကြောင့် အခုလူ့အခွင့်အရေးကောင်စီကို တင်ပြတဲ့အခါ လက်ရှိမြန်မာနိုင်ငံတွင်း အခြေအနေတွေကို ထင်ဟပ်နိုင်ပဲ့မလား စဉ်းစားစရာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံမသွားနိုင်ပေမဲ့ အိမ်နီးချင်းဒေသတွင်းအထိသွားပြီး လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ လေ့လာစုံစမ်းတာတွေ၊ အချက်အလက်စုဆောင်းတာတွေ လုပ်ခဲ့တယ်လို့ ပြောပါတယ်။

"အရှေ့တောင်အာရှ ဒေသကနေ ကျနော်မကြာခင်ကပဲ ပြန်လာတာပါ။ မလေးရှားနိုင်ငံကိုလည်းရောက်ပါတယ်။ မြန်မာနိုင်ငံကနေထွက်ပြေးလာတဲ့ဒုက္ခသည်တွေနဲ့ တွေ့ဆုံမေးမြန်းတာတွေလုပခဲ့ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကြောင့် ထွက်ပြေးလာသူတွေပါ။ အခု အစီရင်ခံစာတင်သွင်းတဲ့အခါ ဒီကိစ္စတွေကလည်း တစိတ်တပိုင်း ပါဝင်ပါလိမ့်မယ်။ တခြားအကြောင်းရပ်တွေနဲ့လည်း သတင်းအချက်အလက်တွေစုဆောင်းရရှိခဲ့ပါတယ်။ ဒီရထားတဲ့အချက်အလက်တွေနဲ့ လူ့အခွင့်အရေးကောင်စီကို အစီရင်ခံစာတင်သွင်းမှာ ဖြစ်ပါတယ်။"

အခုတင်ပြမယ့် အချက်အလက်တွေကို မြန်မာအာဏာပိုင်တွေကိုပေးပို့ခဲ့တာကြောင့်လည်း မြန်မာအာဏာပိုင်တွေဘက်က ပြန်လည်ချေပနိုင်တဲ့ အခြေအနေအခွင့်အလမ်းရှိတာကြောင့် သူ့ဘက်ကတော့ အတတ်နိုင်ဆုံး မျှမျှတတဖြစ်အောင်လုပ်ခဲ့တယ်လို့ မစ္စတာကင်တားနားက ပြောပါတယ်။

"အခု ကျနော်ရေးထားတဲ့ လူ့အခွင့်အရေးကောင်စီကို တင်ပြမယ့်အစီရင်ခံစာကိုမြန်မာအာဏာပိုင်တွေကိုလည်းပေးပို့ထားပါတယ်။ သူတို့ဘက်က တစုံတရာ တုံ့ပြန်မှု ရှိမရှိတော့ မသိရသေးပါဘူး။ ဒါပေမဲ့ ကျနော် တင်ပြအစီရင်ခံမယ့် အကြောင်းအရာတွေကို သူတို့ဘက်က ပြန်လည် တုံ့ပြန်နိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။

"တကယ်တော့ အခု လူ့အခွင့်အရေးကောင်စီ အစည်းအဝေးမတိုင်ခင် မြန်မာနိုင်ငံကို သွားရောက်နိုင်ဖို့ မြန်မာအာဏာပိုင်တွေကို ခွင့်တောင်းခဲ့ပါတယ်။ အစိုးရသစ်ဖွဲ့ရေးနဲ့ အလုပ်ရှုပ်နေတာမို့ ကျနော့်ခရီးစဉ်ကို စီစဉ်မပေးနိုင်ဘူးလို့အကြောင်းပြန်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ မြန်မာနိုင်ငံကို သွားခွင့်ရမယ်လို့ မျှော်လင့်ပါတယ်။"

မြန်မာနိုင်ငံတွင်း အခြေအနေတွေဟာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွေကို ချိုးဖောက်မှု ရှိမရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဖို့ မစ္စတာကင်တားနားက ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကိုမနှစ်တုန်းက အကြံပြုခဲ့ပါတယ်။ ဒီအကြံပြုချက်ကိုအခြေခံပြီး ကုလသမဂ္ဂအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုတွေ ရှိနေပြီး ဒီအပေါ် မြန်မာအာဏာပိုင်တွေဘက်က ဘယ်လို လိုက်ပါပူးပေါင်းဆောင်ရွက်မလဲဆိုတာ အရေးကြီးတယ်လို့ ကင်တားနားက ပြောပါ တယ်။

"ဒီကိစ္စအပေါ် အရင်ဆုံးတာဝန်ရှိတာကတော့ အစိုးရအာဏာပိုင်တွေကိုယ်တိုင်ဖြစ်ပါတယ်။ တပြိုင်တည်းမှာလည်းအစိုးရအာဏာပိုင်တွေဘက်က အခုလိုတာဝန်ယူနိုင်အောင် ကုလသမဂ္ဂဘက်က အကူအညီ၊ အထောက်အပံ့ပေးဖို့လည်း ကုလသမဂ္ဂမှာ တာဝန်ရှိပါတယ်။ စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဖို့ကိစ္စဟာ အခု ဂျီနီဗာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှာတင် မဟုတ်ပါဘူး၊ နယူးယောက်မ်ကုလသမဂ္ဂ အထွေထွေညီလာခံကိုပါ တင်ပြထားပါတယ်။ ဒါဟာ ဆွေးနွေးဆဲအဆင့်မှာရှိပါတယ်။ တနည်း မဟုတ်တနည်း ဘယ်လိုပုံစံနဲ့လုပ်ဆောင်မလဲဆိုတာကို စောင့်ကြည့်ရမှာပါ။"

စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ ကိစ္စကိုတော့ ဥရောပ၊ အမေရိကန် အပါအဝင် အနောက်နိုင်ငံ အတော်များများက ထောက်ခံထားပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို မဲခွဲဆုံးဖြတ်တာမျိုး၊ ဆုံးဖြတ်ချက်တွေမှာ ထည့်သွင်းတာမျိုးတွေကိုတော့ ပြီးခဲ့တဲ့ တနှစ်လုံး မတွေ့ရသေးပါဘူး။

# လူ့အခွင့်အရေး ပြောင်းအလဲ လက်တွေ့ ဖော်ဆောင်ဖို့ အီးယူ တိုက်တွန်း

**VOA । ဖေဖော်ဝါရီ ၂၈ ။** ။ မြန်မာအပါအဝင် တချို့နိုင်ငံတွေရဲ့ လူ့အခွင့်အရေးချိုးဖောက်နေမှုတွေကို တာဝန်ယူ ဖြေရှင်းကြဖို့ လူ့အခွင့်အရေးကောင်စီမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) က ပြောဆိုလိုက်တဲ့ တချိန်တည်းမှာပဲ EU ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒ အကြီးအကဲကလည်း မြန်မာအပါအဝင် နိုင်ငံတချို့က လူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်ပြီး နိုင်ငံတကာအနေနဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရုံတင် မဟုတ်ဘဲလက်တွေ့ အပြောင်းအလဲတွေဖြစ်လာရေးလုပ်ဆောင်နိုင်ဖို့ဟာ လူ့အခွင့်အရေးကောင် စီအတွက်စိန်ခေါ်ချက်ဖြစ်တယ်လို့ပြောဆိုလိုက်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

မနေ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က စတင်လိုက်တဲ့ ၁၆ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ညီလာခံအတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ကောင်စီရဲ့ ဆုံးဖြတ်ချက်တွေ၊ ထုတ်ပြန်ချက်တွေဟာ အရေးပါပေမဲ့ တကယ်တမ်းအပြောင်းအလဲတွေ လက်တွေ့ဖြစ်လာအောင် ဘယ်လိုဆောင်ရွက်ကြမလဲလို့ EU ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ကက်သရင်းအက်ရှ်တွန် (Catherine Ashton) ကမေးခွန်းထုတ်လိုက်တာပါ။ မကြာခင်က လူထုလှုပ်ရှားမှုတွေဖြစ်ခဲ့တဲ့ တူနီးရှား၊ အီဂျစ်နိုင်ငံတွေကို ကိုယ်တိုင်သွားရောက်ပြီး ဆန္ဒပြလူငယ်တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံခဲ့သူပါ။

မြန်မာနိုင်ငံ အပါအဝင် အခြား လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့ နိုင်ငံတွေမှာ လက်တွေ့အပြောင်းအလဲတွေရှိလာဖို့ ကိစ္စဟာ လက်ရှိ လူ့အခွင့်အရေးကောင်စီအတွက် စမ်းသပ်အကဲစမ်းမှုတရပ်ဖြစ်နေတယ်လို့ ပြောသွားပါတယ်။ ဆုံးဖြတ်ချက်တွေ ချမှတ်တာ ကြေညာချက်သက်သက်နဲ့တော့ မအောင်မြင်နိုင်ဘူးလို့လည်း ထောက်ပြခဲ့ပါတယ်။

"ဒီဆုံးဖြတ်ချက်တွေ၊ ထုတ်ပြန်ချက်တွေဆိုတာဟာ အကြံပြုချက်တွေပါ။ တကယ်တမ်း ဘယ်လိုရလဒ်တွေ ထွက်လာမလဲဆိုတာက အရေးကြီးပါတယ်။ လက်တွေ့အခြေအနေမှာ အပြောင်းအလဲတွေ ဖြစ်လာမလားဆိုတာဟာတကယ့်စိန်ခေါ်မှုဖြစ်ပါတယ်။ လစ်ဗျား၊ အီရန်၊ ဘဲလားရုစ်၊ မြန်မာ၊ မြောက်ကိုရီးယား၊ ဒီနိုင်ငံတွေက ပြည်သူလူထုအနေနဲ့လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ မဲပေးရွေးချယ်ခွင့်၊ တရားဥပဒေစိုးမိုးမှု၊ တန်းတူညီမျှတဲ့ အခွင့်အရေး၊ တိကျမှန်ကန်တဲ့ အုပ်ချုပ်မှုစသဖြင့် သူတို့ရသင့်တဲ့ အခြေခံအခွင့်အရေးတွေ တကယ်ပဲ ရနိုင်မလား ဆိုတာပါ။"

သူပြောသလိုပါ၊ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အရင်လူ့အခွင့်အရေးကော်မရှင်ကတည်းက အခုလူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းပြီးချိန်အထိ ကုလသမဂ္ဂအနေနဲ့ဆုံးဖြတ်ချက်တွေ အမျိုးမျိုးထုတ်ပြန်၊ တောင်းဆိုချက်တွေ အမျိုးမျိုးထုတ်ခဲ့ပေမဲ့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေ ဘာမှသိသာပြောင်းလဲမှုမရှိခဲ့ဘူးလို့ လူ့အခွင့်အရေး လှုပ်ရှားသူတွေက ရှုမြင်ပါတယ်။ မြန်မာအာဏာပိုင်တွေဘက်ကလည်း ဒီအကြံပြုချက်တွေအပေါ်မှာ လောက်လောက်လားလား ပြန်ပြီး တုံ့ပြန်ဖြေရှင်း ကိုင်တွယ်ပေးတာမျိုးမရှိခဲ့ပါဘူး။

တချိန်တည်းမှာလည်းမြန်မာအစိုးရအပါအဝင် လူ့အခွင့်အရေးချိုးဖောက်တဲ့အစိုးရအတော်များများကလူ့အခွင့်အရေးနဲ့ပတ်သက်လို့ ဝေဖန်လာရင် ဒါဟာ ပြည်တွင်းရေးကို စွက်ဖက်တာ၊ နိုင်ငံရေးပယောဂမကင်းဘူး၊ နောက် အနောက်နိုင်ငံတွေက သူတို့အယူအဆတွေကို သွတ်သွင်းဖို့ကြိုးစားတာစသဖြင့် ကုလသမဂ္ဂမှာ ပြန်လည်ချေပလေ့ရှိပါတယ်။ လူ့အခွင့်အရေးဟာ အနောက်နိုင်ငံတွေရဲ့ တန်ဖိုးတရပ်အနေနဲ့သွတ်သွင်းနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေကိုတော့ ဒါဟာ မှန်ကန်မှုမရှိဘူးလို့ ကက်သရင်း အက်ရှ်တွန်က ပြောပါတယ်။

"EU ဥရောပသမဂ္ဂဟာ ဥရောပစံနှုန်း၊ တန်ဖိုးတွေကို တခြားနိုင်ငံတွေကို သွတ်သွင်းဖို့ ကြိုးစားနေတယ်လို့ ဝေဖန်စွပ်စွဲခံရတာတွေရှိပါတယ်။ ဒီစွပ်စွဲချက်တွေကို လုံးဝငြင်းဆန်ပယ်ချပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ တရားမျှတမှုနဲ့တန်းတူမှုတွေဟာ တကယ်တော့ ဥရောပသားတွေအတွက်အခွင့်အရေးတွေမဟုတ်ပါဘူး။ ဒါဟာ တကမ္ဘာလုံး၊ လူသားအားလုံး ရသင့်ရထိုက်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ အာဖရိက၊ အာရှနဲ့ လက်တင်အမေရိကားက ပြည်သူလူထုတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေကို စွဲမက်မှုသိပ်မရှိလှဘူးဆိုတဲ့ လိမ်လည်မှု ထောင်ချောက်ထဲကို ကျမတို့ ရောက်မသွားဖို့ အရေးကြီးပါတယ်။"

၁၆ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီညီလာခံကို မတ်လ ၂၅ ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ပြီး နိုင်ငံအကြီးအကဲတွေ အတော်များများလည်း ဂျနီဗာမှာရောက်ရှိနေပါတယ်။ ညီလာခံ စချိန်မှာတော့ လစ်ဗျားအရေးနဲ့ အရှေ့အလယ်ပိုင်း လူထုအုံကြွမှုကိစ္စတွေက ပိုပြီး နေရာယူနေပါတယ်။ ပြီးခဲ့တဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ UPR အစည်းအဝေးက အကြံပြုချက်တွေကို အခုညီလာခံကိုတင်ပြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်သောမတ်စ် အိုဟေး ကင်တားနား (Thomas Ojea Quintana)ကတော့ ဒီညီလာခံကို မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးနောက်ဆုံးအခြေ အနေအစီရင်ခံ တင်ပြရမှာဖြစ်လို့ ညီလာခံ မတိုင်ခင် မြန်မာနိုင်ငံကို သွားရောက်ခွင့် သူတောင်းဆိုတာကို မြန်မာအာဏာပိုင်တွေဘက်က လက်မခံခဲ့ပါဘူး။

---

# တာချီလိတ်မှ ဘိန်းနဲ့လောင်းကစား

**MIZZIMA । ဖေဖော်ဝါရီ ၂၈ ။** ။ တာချီလိတ်မြို့မှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားတွေ ဆိုးရွားလာနေလို့ ကလေးမိဘတွေ စိုးရိမ် နေကြရတာကို အထက်က လူကြီးတွေနဲ့ သိစေချင်လို့ ဒီစာကို ရေးလိုက်ရပါတယ်။

မူးယစ်ဆေးဝါးတွေကို ကလေး၊ လူကြီး တအားသုံးနေကြပါတယ်။ ကလေးတွေဆို တအားကို ပျက်ဆီးနေတာပါ။ မြင်းဆေး၊ ရာအိုင်း၊ နောက်ပြီး ချိုချဉ်လိုမျိုးလည်းရှိပါတယ်။ အရည်လည်း ပေါ်နေတယ်။ တာချီလိတ်သချိုင်းကုန်းမှာလည်း နံပတ်ဖိုးရှုတဲ့လူတွေ ပြည့်နေတာပဲ။ မိန်းကလေးတွေလည်းပါရဲ့။ မူးယစ်ဆေးက ကွမ်းယာဆိုင်လိုမျိုး ရောင်းနေတာပါရှိနေတာပါ။ ရဲကြေး၊ စရဖကြေး၊ မယကကြေး၊ ရယကကြေးဆိုတာတွေလည်း ရှိပါတယ်။ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်း ဖြတ်က တချို့ရပ်ကွက်လူကြီးတွေက နေ့ချင်းညချင်း သူဌေးတွေ ဖြစ် လာတာ မျက်စေ့ရှေ့မှာပါပဲ။ **စာမျက်နှာ ၁၂ သို့**

# နွေ သောက်သုံးရေ ဖူလုံရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အကူအညီများပြင်ဆင်

**RFA ၊ မတ်လ ၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လာမဲ့ခြောက်သွေ့ရာသီမှာ ဒေသတချို့မှာ သောက်သုံးရေရှားပါးမှုနဲ့ ရင်ဆိုင်ရနိုင်တဲ့ အခြေအနေတွေရှိနေတာကြောင့်သောက်သုံးရေ ရရှိရေးတတ်နိုင်သမျှကူညီဆောင်ရွက်ဖို့ စတင် လုပ်ဆောင်နေကြောင်း သတင်းရရှိပါတယ်။

အခုလောလောဆယ် နာဂစ်မုန်တိုင်းသင့် ဒေသတခုဖြစ်တဲ့ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းရွာမှာ သောက်ရေအတွက် အဝီစိတွင်းတတွင်း စတင်တူးဖော်နေပြီဖြစ်ကြောင်း အန်အယ်ဒီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က အခုလို ပြောပြပါတယ်.

"လူမှုအထောက်အကူ လုပ်ငန်းတခုဖြစ်တဲ့ သောက်ရေသန့်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်နေတယ်။ အဲ အခုကွမ်းခြံကုန်းမြို့နယ်နဲ့ကော့မှူးမြို့နယ်မှာ သောက်သုံးရေ အခက်အခဲဖြစ်နေတဲ့ဒေသတွေမှာ အဝီစီတွင်းတူးဖော်လှူဒါန်းဖို့ကိစ္စတွေတော့ ကျွန်တော်တို့ ပြန်ပြီးဆောင်ရွက်နေပြီ။ မနေ့ကပဲ ကျွန်တော်တို့ ကွမ်းခြံကုန်းမြို့နယ်မှာ လက်ခုပ်ကုန်း ကျေးရွာမှာ အဝီစိတွင်းတတွင်းတူးဖို့ ကျွန်တော်တို့မနေ့က သက်ဆိုင်ရာမြို့နယ်နဲ့ ကျွန်တော်တို့ဆုံးဖြတ်ပြီးတော့ စပြီးတော့ ဆောင်ရွက်လိုက်တယ်။"

"ကျွန်တော်တို့ တပတ်လောက်အတွင်းမှာ ရေချိုရမယ်လို့ ကျွန်တော်တို့ မျှော်မှန်းပြီးတော့ စပြီးတော့တူးမယ်။ အဲဒီမှာ ကျွန်တော်တို့ မနစ်ကတုန်းက အလွန်ပူပြင်းလာတဲ့အခါကျတော့ အဲဒီမှာ အားထားပြီး သောက်သုံးနေရတဲ့ ရေကန်ကြီးသုံးကန်က နွေရာသီမှာခမ်းခြောက်ကုန်တယ်။"

လက်ခုပ်ကုန်း မဟာကိုးဆူတိုက်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှာ ဆရာတော်ရဲ့ခွင့်ပြုချက်နဲ့ အဝီစိတွင်းတူးဖော်နေပြီးသောက်ရေကန်၊ မီးစက်နဲ့ ရေတင်စက်တွေပါ အပြီး တပ်ဆင်မှာ ဖြစ်ပါတယ်။ လာမဲ့ရက်သတ္တပတ်တွေအတွင်း သောက်သုံးရေစတင်ရရှိနိုင်တော့မှာ ဖြစ်ကြောင်း ဦးအုန်းကြိုင်က ပြောပါတယ်။

ကော့မှူးမြို့နယ်အတွင်းမှာလည်း မကြာခင် ဆက်လက်ပြီး အဝိစိတွင်း စတင်တူးဖော်နိုင်ဖို့ ဒေသဆိုင်ရာ အန်အယ်ဒီ တာဝန်ရှိသူတွေနဲ့ ဆွေးနွေး ပြင်ဆင်နေကြောင်းလည်း သိရပါတယ်။

ဒီနှစ် ခြောက်သွေ့ရာသီမှာလည်း အရင်နှစ်ကလို သောက်သုံးရေပြတ်လပ်နိုင်တဲ့အနေအထားတွေတွေ့ရှိနေရတဲ့အတွက်ပြင်ဆင်မှုတွေ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

"မနစ်က အခြေအနေထက်တောင် ဆိုးတဲ့အခက်အခဲတွေဖြစ်ဦးမဲ့အလားအလာတွေ ကျွန်တော်တို့ တွေ့နေတယ်။ လာပြီးတော့ သတင်းပို့တာတွေလည်းရှိတယ်၊ အဲ အဲဒီမှာ ကျွန်တော်တို့ဖက်ကလည်း ရေထွက်ရေရရှိနိုင်မဲ့ force တွေကို ကြိုတင်ပြီးတော့ ရှာဖွေတဲ့လုပ်ငန်းရေစစ်ဆေးတဲ့ လုပ်ငန်းတွေ ဘာတွေ အခုကတည်းက ကျွန်တော်တို့လည်းပဲ စပြီးတော့လုပ်နေပြီ။ တကယ်လို့ မနစ်ကလို ကြုံဖို့ဖြစ်လာရင်တော့ပေ့ါဗျာ၊ ကူညီနိုင်အောင်လည်းပဲ ကျွန်တော်တို့လည်းပဲ အချိန်မီလုပ်ဖို့ ကျွန်တော်တို့ ပြင်ဆင်နေတယ်။ အဲဒါ အထွေထွေအတွင်းရေးမှူးရဲ့ ဆန္ဒအရပဲ၊ အထွေထွေအတွင်းရေးမှူးကလည်း အဲဒီကိစ္စတွေကို သူက အလွန် စိတ်ဝင်တစား အားပေးတယ်။ သူက အဲဒါတွေ လူထုရဲ့ အခက်အခဲတွေကို ကူညီပါတဲ့၊ ဒါ အလွန်မွန်မြတ်တဲ့ လုပ်ငန်းပါလို့ ကျွန်တော်တို့ကို လမ်းညွှန်ထားတော့ ကျွန်တော်တို့ အဲဒါတွေလည်း လုပ်ဖို့ စီစဉ်နေပါတယ်ခင်ဗျ။"

ပြီးခဲ့တဲ့နှစ် ခြောက်သွေ့ရာသီတုန်းကလည်း ဒီဒေသတွေ အတွင်းသောက်သုံးရေပြတ်လပ်သွားတာကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အရေးပေါ် ရေထောက်ပံ့ရေး လုပ်ငန်းတွေလုပ်ကိုင်ခဲ့ပါတယ်။ ကွမ်းခြံကုန်း မြို့နယ်အတွင်း တူးဖော်နေတဲ့ အဝိစီတွင်းအတွက် ကျပ်သိန်း ၃၀ လောက်ကုန်ကျမှာဖြစ်ပြီး၊ လောလောဆယ်အလှူရှင်တွေထံက လက်ခံရရှိတဲ့ငွေနဲ့ ရေရရှိရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရတာဖြစ်ကြောင်း သိရပါတယ်။

ရေရရှိရေးလုပ်ငန်းအတွက် လှူဒါန်းလိုလျှင် အန်အယ်ဒီ ဌာနချုပ်ရုံးကို ဖြစ်စေ၊ ဒေသဆိုင်ရာ အန်အယ်ဒီ တာဝန်ရှိသူတွေကို ဖြစ်စေ ဆက်သွယ်ပြီး လှူဒါန်းနိုင်ကြောင်း သိရှိရပါတယ်။

---

# ဒေါ်စုကို ချက်နိုင်ငံ ဆက်ထောက်ခံ

**VOA ၊ ဖေဖော်ဝါရီ ၂၈ ။** ။ ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေး ဝန်ကြီးလည်းဖြစ်တဲ့ ကာရဲလ်ရွှာဇင်ဘာ့ဂ် (Karel Schwarzenberg) ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မနေ့တုန်းက ဖုန်းနဲ့ စကားပြောခဲ့ပါတယ်။

မြန်မာနိုင်ငံ ဒီမိုကရေစီအရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြိုးပမ်း ဆောင်ရွက်မှုတွေကို ချက်သမ္မတနိုင်ငံအနေနဲ့ဆက်ပြီးတော့ ထောက်ခံသွားမယ်လို့ ချက်နိုင်ငံခြားရေးဝန်ကြီးက ဖုန်းနဲ့ပြောဆိုခဲ့တယ်လို့ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဌာန ထုတ်ပြန်ချက်မှာဖော်ပြပါတယ်။

မြန်မာအစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ မလုပ်မချင်း EU ဥရောပသမဂ္ဂရဲ့ အရေးယူပိတ်ဆို့မှုတွေကို ဆက်ထားနိုင်ဖို့အတွက်လည်း ချက်သမ္မတနိုင်ငံအနေနဲ့ ရပ်တည်သွားမယ်လို့ ပြောခဲ့ပါတယ်။

ချက်သမ္မတနိုင်ငံဟာ အနှစ် ၄၀ ကြာတဲ့ အာဏာရှင်အုပ်ချုပ်မှုအောက်မှာနေခဲ့ရတဲ့ အတွေ့အကြုံရှိတာမို့ အခုလိုမျိုး ဒေါ်အောင်ဆန်းစုကြည်လိုရဲဝံ့ပြတ်သားမှု၊ ပြောဆိုမှုတွေဟာ အင်မတန်အရေးကြီးတယ်ဆိုတာကို နားလည် သဘောပေါက်မိတဲ့အကြောင်း နိုင်ငံခြားရေးဝန်ကြီး ရွှာဇင်ဘာ့ဂ်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို သူ့အနေနဲ့ အင်မတန် လေးစားပြီး သူဟာ ဒီနေ့ခေတ်ကာလရဲ့ အကြီးကျယ်ဆုံး သူရဲကောင်းတွေထဲက တဦးဖြစ်ပါတယ်လို့လည်း ချီးကျူး ပြောသွားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့တခြားကမ္ဘာ့ခေါင်းဆောင်တွေကြားမှာ တိုက်ရိုက်ထိတွေ့မှုဟာ အင်မတန်အရေးကြီးတာမို့ ချက်သမ္မတနိုင်ငံ ခေါင်းဆောင်ပိုင်း အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်ထိစပ်ဆက်ဆံနိုင်ဖို့ ပြောဆို အားပေးသွားမယ်လို့လည်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကပြောဆိုတဲ့အကြောင်း နိုင်ငံခြားရေးဌာနကြေညာချက်မှာ ဖော်ပြထားပါတယ်။

# မြန်မာအမျိုးသမီးတဦး အဓမ္မပြုကျင့်ခံရပြီးနောက် ပစ်သတ်ခံရ

**MIZZIMA ၊ မတ်လ ၁ ။** ။ ထိုင်းလူမျိုး ၄ ဦးက မြန်မာအ လုပ်သမားခင်ပွန်းသည်ကိုရိုက်နှက်ပြီး ဇနီးသည်ကို အဓမ္မပြုကျင့် သတ်ဖြတ်သွားသည့် ဖြစ်ရပ်တခု ထိုင်းနိုင်ငံတောင်ပိုင်း၌ တနင်္ဂနွေနေ့ မနက်တွင် ဖြစ်ပွားခဲ့သည်ဟု ဆွေမျိုးတော်စပ်သူ အဆိုအရသိရသည်။

ချုံဖော်ခရိုင် ထပ်ဆပ်မြို့နယ် ဘန့်ကျန်ထိန့်ဒေသတွင် ထိုင်းလူမျိုး ၄ ဦးက ရော်ဘာခြံလုပ်သား ကိုအောင်ငွေ (၁၉ နှစ်) ကို ထိုးကြိတ်ရိုက်နှက်ပြီး၊ ဇနီး မဝေဝေလွင် (၂၀ နှစ်) ကို မတရားပြု ကျင့်ကာ ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်သွားခဲ့သည်ဟု သိရခြင်းဖြစ်သည်။

"စနေနေ့ညက ဖြစ်တာပါ။ ည ၁၂ နာရီကျော်လောက်မှာ ထိုင်း ၄ ယောက် သူတို့ခြံထဲကို ဝင်လာပြီး အောင်ငွေကို ထုထောင်းရိုက်နှက်ပြီး ရေကန်ထဲပစ်ချတယ်။ ပြီးတော့ ကောင်မလေးကို ရေကန်ဘေးမှာပဲ မတော်မတရားပြုကျင့်ခဲ့တာပါ"ဟုမဝေဝေလွင်၏အကိုဝမ်းကွဲတော်သူ ကိုထွန်းခိုင်က မဇ္ဈိမကို ပြောသည်။ ထို့နောက် ၎င်းတို့ပါလာသော သေနတ်ဖြင့် ဦးခေါင်းကို ပစ်သတ်သွားခဲ့သည်ဟု ဆိုသည်။

သေဆုံးပြီထင်၍ ရေကန်ထဲပစ်ချခံထားရသူ ကိုအောင်ငွေ သတိရလာပြီး ရေကန်ဘောင်ပေါ် ပြန်အတက် သစ်ကိုင်းခြောက်နင်းမိသဖြင့် ထိုင်းများက သတိပြုမိသွားကာ သေနတ်ဖြင့် ၃ ချက်လှမ်းပစ်ကြောင်းနှင့် သေနတ်ကျည်ဆံတခု ဝဲဘက်လက်ပြင်တွင်းသို့ဝင်ရောက်သွားသော်လည်း အနီးရှိ ရော်ဘာခြံသို့ သွား၍ ဆွေမျိုးသားချင်းများထံသို့ ဖုန်းဖြင့် ဆက်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

"အောင်ငွေ အဲလိုပြေးပြီး ဖုန်းဆက်ပြောမှ သူ့ဆွေမျိုးတွေကသိတာ။ အဲဒါနဲ့ လူစုပြီးသွားပြန်ကြည့်တော့ ၃ နာရီ ထိုးနေပြီ ရေကန်ဘေးမှာ အလောင်းပဲတွေ့တော့တယ်။ ဖျာတွေ၊ မွေ့ယာတွေအပေါ်မှာပါ။ ခေါင်းထဲကို သေနတ်နဲ့ပစ်ထည့်သွားတယ်" ဟု ကိုထွန်းခိုင်က ပြောဆိုသည်။ ကိုအောင်ငွေမှာ သတိပြန်မလည်သေးသဖြင့် ယခုအခါ တွင် ချုံဖော်ဆေးရုံကြီးတွင် အရေးပေါ် ဆေးဝါး ကုသနေရသည်။

ရဲက ၄ ဦးအနက် ၃ ဦးကို ဖမ်းဆီးပြီး တဦးလွတ်နေသည်။ ထို့အ တွက် ယနေ့မနက် ၁၁ နာရီတွင် မဝေဝေလွင် ရုပ်အလောင်းထားရှိရာဘုန်းကြီးကျောင်းသို့ ရဲများက တရားခံအဖြစ် စွပ်စွဲခံထားရသူ ၃ ဦးနှင့်အတူလာရောက်၍ မှုခင်းမှတ်တမ်းတင်သက်သေခံချက်ယူသည်။

"သူ့သူဌေးက အကုန်လိုက်လုပ်ပေးပါတယ်။ ဒီမနက်မှာ လာပြီး အလောင်းရှေ့မှာ ဒူးထောက် တောင်းပန်ခိုင်းတယ်။ တီဗီနံပါတ် ၃ လိုင်းကလည်း လာရိုက်တယ်" ဟု ကိုထွန်းခိုင်က ပြောဆိုသည်။

မဝေဝေလွင်သည်မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်သောင်ရွာဇာတိဖြစ်ပြီး ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည်မှာ တနှစ်ခန့်သာရှိသေးသည်။ ဖခင်ဖြစ်သူ ဦးဝင်းဌေးမှာ စုရပ်ဌာနီခရိုင်တွင် လုပ် ကိုင်နေပြီး ကိုအောင်ငွေနှင့် အိမ်ထောင်ကျသည်မှာ ၆ လ ခန့်သာ ရှိသေးသည်။ မဝေဝေလွင်၏ အသုဘပွဲကို မနက်ဖြန် ပြုလုပ်မည်ဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် ရော်ဘာပင်စိုက်ပျိုးသည့် စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်ကြရာတွင် ခြံအလုပ်သမားအများစုမှာ မြန်မာပြည်သားများဖြစ်သည်။ လူသူအလှမ်းဝေးသည့် တောတောင်ထဲရှိ ရော်ဘာခြံများအတွင်းနေထိုင်ကြရသူများမှာ ဓားပြတိုက်ခံရခြင်း၊အဓမ္မပြုကျင့်ခံရခြင်း၊ အသတ်ခံရခြင်းများ ကြုံတွေ့ရတတ်ရှိသည်။

# နိုင်ငံရေးအကျဉ်းသား ကိုကျော်စွာလင်းကို အတင်းအကျပ် ဝန်ခံခိုင်း

**DVB ၊ ဖေဖော်ဝါရီ ၂၈ ။** ။ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ နိုင်ငံရေးသမားတွေကို နောက်အမှုနဲ့ ထောင်ဒဏ်အပြစ်ပေးဖို့အတွက် အတင်းအကျပ် ဝန်ခံလက်မှတ်ထိုးခိုင်းထားတာတွေရှိလို့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ လည်း ကောင်းတို့ရဲ့ မိသားစုဝင်တွေက စိုးရိမ်နေကြပါတယ်။

အင်းစိန်ထောင်အဆောင် ၄ မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ကိုကျော်စွာလင်းကို နောက်အမှုနဲ့ထောင်ဒဏ်အပြစ်ပေးဖို့အတွက် အတင်းအကျပ် ဝန်ခံလက်မှတ်ထိုးခိုင်းပြီး ထောင်ဒဏ် ၁၀ နှစ်ထပ်ချလိုက်တဲ့အတွက် နိုင်ငံရေးအကျဉ်းသားတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေက စိုးရိမ်နေကြပါတယ်။ ယခုရက်ပိုင်းမှာ ထောင်ဝင်စာတွေ့ခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင် တဦးက ကိုကျော်စွာလင်းကို အာဏာပိုင်တွေက အတင်းအကျပ်ဝန်ခံလက်မှတ်ထိုးခိုင်းတာနဲ့ ပတ်သတ်ပြီး ဒီဗွီဘီကို အခုလိုပြောပြပါတယ်။

"ကျော်စွာလင်းကို စာရွက်အလွတ်ပေါ်မှာ လက်ဗွေလည်း နှိပ်ခိုင်းတယ်။ အဲလို အကျဉ်းသားတွေပေါ်မှာ အတင်းအဓမ္မခိုင်းတဲ့ဟာနဲ့ ပတ်သက်ပြီး နိုင်ငံရေး အကျဉ်းသားတွေရဲ့ လုံခြုံရေးက စိုးရိမ်နေရတယ်၊ နောက်ဆက်တွဲတွေ ဘာမသိညာမသိ ထပ်ပြီး လုပ်မှာတွေကို၊ ဘာလုပ်မှန်းမသိ စာရွက်အလွတ်ပေါ်မှာဆိုတော့ ဒါ အန္တရာယ်အများကြီး ရှိတာပေါ့နော်။"

ကိုကျော်စွာလင်းကို ဖောက်ခွဲရေးပုဒ်မတွေနဲ့ ၂၀၀၈ ခုနှစ်မှာ ထောင်ဒဏ် ၁၈ နှစ်တကြိမ် အနှစ် ၂၀ တကြိမ် ၂၀၁၀ ခုနှစ်မှာ ၁၀ နှစ်နဲ့ နှစ်ကြိမ် စုစုပေါင်းထောင်ဒဏ် ၅၈ နှစ် ချမှတ်ခံခဲ့တာပါ။ ဒီလမှာတော့ အတင်းအကျပ် ဝန်ခံလက်မှတ်ထိုးခိုင်းပြီး နောက်ထက် ထောင်ဒဏ် ၁၀ နှစ် တိုးမြင့်ချထားလိုက်တဲ့အတွက် စုစုပေါင်းထောင်ဒဏ် ၆၈ နှစ်ဖြစ်သွားပါတယ်။ ပြစ်မှုတခုအတွက် ဥပဒေတခုပဲ ချမှတ်ရမှာဖြစ်ပြီး အခုလိုအမှုတွေထပ်တိုးပြီး ချမှတ်နေတာဟာ ဥပဒေအကြောင်းရ ညီညွတ်မှုမရှိဘူးလို့ နိုင်ငံရေးအမှုတွေကို လိုက်ပေးခဲ့ဖူးတဲ့ ရှေ့နေကိုစောကျော်ကျော်မင်းက ပြောပါတယ်။ ပြစ်မ တခုအတွက် ဝန်ခံလက်မှတ်ရေးထိုးယူပြီး တရားရုံးတင် သက်သေခံပြု လုပ်တာဟာလည်း တရားရုံးရဲ့ သက်သေခံဥပဒေကို ငြိစွန်းတဲ့အတွက် တရားရုံးကလည်း သက်သေခံမယူသင့်ဘူးလို့လည်း ရှင်းပြပါတယ်။

"ပြစ်မှုတခုနဲ့ စွပ်စွဲခံရတဲ့သူက ရဲအရာရှိဆီမှာ အစစ်ခံတယ်၊ ရဲအရာရှိကနေ စာနဲ့ရေးပြီးတော့ယူတယ် လက်ဗွေနှိပ်တဲ့ကိစ္စ၊ လက်မှတ်ထိုးတဲ့ကိစ္စကို ဥပဒေက ခွင့်ပြုမထားဘူး၊ ရဲအရာရှိထံ ထွက်ဆိုချက်ကိုလည်း သက်သေခံအဖြစ် အသုံးပြုလို့မရဘူး။ တရားရုံးကနေပြီးတော့ သက်သေခံ ဥပဒေပုဒ်မ ၂၅၊ ၂၆ အရ သက်သေခံမဝင်တဲ့အတွက် လက်မခံဘဲနဲ့ ပလပ်ရမှာဖြစ်တယ်။

ကိုကျော်စွာလင်းလက်ထဲမှာ ဖေါက်ခွဲရေးပစ္စည်းတွေ တွေ့ရှိလို့ဆိုပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလ ကတည်းက ပဲခူးတိုင်းပြည်နယ် တရားရုံးကနေ နှစ်ရှည် ထောင်ဒဏ်ချမှတ် ခဲ့တာဖြစ်ပါတယ်။




**ဖေဖေါ်ဝါရီ ၂၄ | DVB ॥ ॥** မြန်မာရောက် ILO အဖွဲ့ အဆင့်မြင့်အရာရှိ Guy Ryder သည် ထိုအဖွဲ့နှင့် ဆက်သွယ်သည့် မြန်မာကွန်အဖွဲ့များနှင့်တွေ့ ဆုံ၏။
**ဖေဖေါ်ဝါရီ ၂၅ | Irrawaddy ॥ ॥** အမတ် ဖ၅၈ ဦးအား လွှတ်တော်အပြီးတွင် ဘောနပ်ငွေ ဖ သိန်းစီပေးခဲ့ကြောင်း။
**ဖေဖေါ်ဝါရီ ၂၅ | DVB ॥ ॥** ပခုက္ကူမြို့စာသင်တိုက်များကို အကာအကွယ်ယူ၍ ချဲထီများ ရောင်းချနေကြောင်း။
**ဖေဖေါ်ဝါရီ ၂၅ | DVB ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO ညွှန်ချုပ်တွေ့ဆုံ၏။
**ဖေဖေါ်ဝါရီ ၂၅ | DVB ॥ ॥** NLD အဖွဲ့ ချုပ်အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်တိုင်းစည်းအဖွဲ့မတ်လအတွင်း တွေ့ဆုံဆွေးနွေးမည်။
**ဖေဖေါ်ဝါရီ ၂၅ | DVB ॥ ॥** ကလေးလူ့အခွင့်အရေးဆောင်ရွက်မှု နှောင့်နှေးကြောင်း မြန်မာလူ့အခွင့်အရေးအဖွဲ့များမှ ILO ကိုယ်စားလှယ်များသို့ဆို၏။
**ဖေဖေါ်ဝါရီ ၂၅ | DVB ॥ ॥** ပြည်ခိုင်ဖြိုးပါတီသည် ဈေးငွေအပေါ် အတိုးနှုန်းတင်နေကြောင်း။
**ဖေဖေါ်ဝါရီ ၂၆ | Asian News Network ॥ ॥** အင်တာနက်သည် အထူးအသုံးကျသော်လည်း သူမရှိလည်း တော်လှန်ရေးအောင်မြင်စွာဖြစ်ပေါ်နိုင်ကြောင်း Jeremy Au Yong မှ သတင်းဝေဖန်၏။
**ဖေဖေါ်ဝါရီ ၂၇ | AFP ॥ ॥** ရန်ကုန်တွင် လူငယ်တဦး ပေါက်ကွဲစေနိုင်သော ပစ္စည်းသယ်လာစဉ် ရုတ်တရက်ပေါက်ကွဲ၍ ထိုသူနှင့် ကလေးလူ ဖ ဦးဒဏ်ရာရ၏။
**ဖေဖေါ်ဝါရီ ၂၇ | Irrawaddy ॥ ॥** တိုင်မှုအတွက် အညှိုးထားအရေးယူခြင်းများစသည့် ILO စာချုပ်ဖေါက်ဖျက်မှုအတွက် ကမ္ဘာ့အလုပ်သမားအဖွဲ့သည် မြန်မာအပေါ်အရေးယူရန်လိုကြောင်း စာရေးသူဇင်လင်းမှ ဝေဖန်၏။
**ဖေဖေါ်ဝါရီ ၂၇ | Hindustan Times ॥ ॥** အိန္ဒိယသည် မြန်မာသို့ လမ်းမသစ်ဖေါက်ရန် စဉ်းစားကြောင်း။
**ဖေဖေါ်ဝါရီ ၂၇ | Irrawaddy ॥ ॥** ဖေဖေါ်ဝါလအတွင်း နိုင်ငံခြားသားစေတနာ့ဝန်ထမ်းဆရာ၂ ဦးအား သူလျှိုမှုဖြင့်ဖမ်းခဲ့ကြောင်း။ အမည်နာမ မသိရကြောင်း။
**ဖေဖေါ်ဝါရီ ၂၈ | Irrawaddy ॥ ॥** လစ်ဗျားအား နိုင်ငံတကာခုံရုံးတင်ရန် ကုလလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သည် အာဏာရှင်အားလုံးအား သတိပေးလိုက်ခြင်းနှင့်တူကြောင်း။
**ဖေဖေါ်ဝါရီ ၂၈ | Irrawaddy ॥ ॥** ကမ္ဘာတဝှမ်းမှ ကရင်တိုင်းရင်းသား ၈၄၀၀၀ ခန့်သည် ဘန်ကီမွန်းထံ နအဖ၏ ကရင်များအပေါ် ပစ်ခတ်တိုက်ခိုက်မှုများ၊ လူ့အခွင့်အရေးချိုးဖေါက်မှုများ ရပ်တန့်ရန် စုပေါင်းလက်မှတ်ရေးထိုး မေတ္တာရပ်ခံ၏။
**ဖေဖေါ်ဝါရီ ၂၈ | DVB ॥ ॥** ထောင်အာဏာပိုင်အမိန့်ဖြင့် အကျဉ်းသားကျော်စွာလင်း(၂၅နှစ်)သည် စာရွက်လွှတ်တွင် မိမိ၏လက်ဗွေနှိပ်ပေးလိုက်ရကြောင်း။
**ဖေဖေါ်ဝါရီ ၂၈ | PRAGUE ॥ ॥** ချက်ပြည်ထောင်စုသည် မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့မှုကို ဆက်လက်ထောက်ခံကြောင်း ချက်နိုင်ငံခြားရေးဝန်ကြီးမှဆို၏၊ ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိသမိုင်းတွင် အထက်ဆုံးသူရဲခေါင်းတဦးဖြစ်ကြောင်း ချီးမွမ်း ရင့်ကျူး၏။
**ဖေဖေါ်ဝါရီ ၂၈ | KL॥ ॥** မြန်မာမှ ခိုလှုံသူတစုသည် ကွာလာလွန်ပူတွင် ပိတ်ဆို့မြောင်းများ၊ ပန်းခြံစသည်တို့တွင် ၂ ပတ်တခါ စုပေါင်းသန့်ရှင်းရေးဖြင့် ရပ်ရွာကျန်းမာ စည်ပင်ရေးတွင် အသုံးကျမှုကိုပြခဲ့၏။
**ဖေဖေါ်ဝါရီ ၂၈ | Christian Science Monitor ॥ ॥** တရုတ်ပြည်သည် လူမှုစီးပွားစနစ်ပြောင်းလဲနေရာ ဆူဒန်အစိုးရသစ်အားလက်ခံခြင်း၊ လစ်ဗျားအပေါ် ပိတ်ပင်မှုများကို အချိန်မဆွဲထောက်ခံခဲ့ခြင်းသည် ကောင်းသောလက္ခဏာဖြစ်၏။ ထို့ပြင် ကုလလုံခြုံရေးကောင်စီသည် လစ်ဗျားအား အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးသို့လွှဲရန် ပထမဦးဆုံးအကြိမ် တင်ပြခဲ့၏။
**မတ် ၁ | The Diplomat ॥ ॥** စစ်တပ်၏ မိမိလူထုအပေါ် မပစ်ခတ်မှုသည် အဓိကဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာတွင် ၁၉၈၈ မှ စ၍ ဖြစ်ပျက်မှုများနှင့်လတ်တလော အရှေ့အလယ်ပိုင်း၊ အထူးသဖြင့် အီဂျစ်တွင် အာဏာရှင်ဖြုတ်ချရေးလူထုဆန္ဒပြမှုအပေါ် ဖုံးဖြင့် တနေ့က ကွာလာလွန်ပူနိုင်ငံခြားသတင်းထောက်များအဖွဲ့ နှင့်ပြောဆိုစဉ် ဆို၏။
**မတ် ၁ | Irrawaddy ॥** လွှတ်တော်ဖွဲ့ပြီး တလခန့်အကြာ အမတ်များသည် မိမိတို့၏ နေပြည်တော်တွင် နေထိုင်ရမှုသည် ချုပ်ချယ်မှုများလွန်း၍ အချုပ်ခံထားရသလိုဖြစ်ကြောင်းဖြင့် ဆို၏။ လွှတ်တော်အားချိန်တွင် မိမိတို့အဆောင်နှင့်စားသောက်ခန်းသို့သာ သွားခွင့်ရှိပြီး မြို့ထဲသို့မသွားရကြောင်း။
**မတ် ၁ | Irrawaddy ॥ ॥** ဧပြီလမှစ၍ နေပြည်တော် ဝန်ထမ်းများလခ ၄ ဆ ခန့်အထိ တိုးဖွယ်ရှိကြောင်း။
**မတ် ၁ | Mizzima ॥ ॥** ရန်ကုန်တိုင်းလွှတ်တော်သည် ငါးမိနစ်အတွင်း အဖွဲ့ဝင် ၁၈ ဦး အားရွေးပြီး ကြာသပတေးနေ့သို့ မဲပေးရန် ချိန်းလိုက်၏။
**မတ် ၁ | IRIN ॥ ॥** နိုင်ငံတကာသည် မြန်မာပြည်တွင်း NGO များကိုသုံးကာတိုးတက်စေပြီး၊ ထိရောက်ကြောင်း ပေါင်းကူးကွန်အဖွဲ့မှ ဝေါလတာ ဒေးဗစ်မှဆို၏။
**မတ် ၁ | BP ॥ ॥** မြန်မာမှ တရားမဝင်အလုပ်သမတဦးအား ဖမ်းဆီး၍ လွှတ်လိုပါက လိမ်ဆက်ဆံရမည်ဟုဆိုသူ ထိုင်းရဲအား ဘန်ကောက်တရားရုံးတခုမှ ထောင် ဖ နှစ်ချမှတ်ကြောင်း။
**မတ် ၂ | XNA ॥ ॥** တရုတ်မှ CNHTC သည် မြန်မာတွင် နှစ်နိုင်ငံပူးပေါင်း၍ ကားကြီးများ ထုတ်လုပ်မည်။
**မတ် ၂ | Irrawaddy ॥ ॥** နအဖတပ်သည် အင်အားစုံတိုးချဲ့၍ နယ်ခြားတပ်အသွင်ပြောင်းရေး လက်မခံအဖွဲ့များ BGF အပေါ် တိုက်ခိုက်ရန် ချောက်လှန့်ပြင်ဆင်နေရာ လက်နက်ကိုင်သူပုန်အဖွဲ့များ မျက်ချေမပြတ် စောင့်ကြည့်နေရကြောင်း။
**မတ် ၂ | Mizzima ॥ ॥** ယူကေ၏ နိုင်ငံတကာတိုးတက်မှုဌာ DFID သည် နောင် ၄ နှစ်တွင် မြန်မာသို့ကူငွေ ပေါင်ငွေသန်း ၁၈၀ ပေးမည်ဖြစ်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် အကြီးဆုံးကူညီမှုဖြစ်၏။

**စာမျက်နှာ ၁၃ သို့**

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ကရင်လူထုတောင်းဆို

**RFA ၊ ဖေဖော်ဝါရီ ၂၈ ။** ။ ကရင်ပြည်နယ်အတွင်း စစ်အစိုးရတပ်တွေရဲ့ တရားမဲ့ပြုကျင့်မှုတွေ ရပ်ဆိုင်းသွားစေဖို့ ကရင်လူထု ၈ သောင်းကျော် လက်မှတ်ရေးထိုးထားတဲ့ တောင်းဆိုစာတစောင်ကို ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်နဲ့တကွ ဗြိတိန်နဲ့ဩစတြေးလျားဝန်ကြီးချုပ်အပါအဝင် ကမ္ဘာ့ခေါင်းဆောင်တွေဆီကို ဖေဖော်ဝါရီ ၂၈ ရက် ဒီကနေ့ ပေးပို့လိုက်ပါတယ်။

ဒီတောင်းဆိုစာကို မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်းက ကရင်တိုင်းရင်းသား ၈၄,၀၀၀က လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပြီး KNU ကရင် အမျိုးသားအစည်းအရုံးက လက်မှတ်တွေကို စုဆောင်းပေးခဲ့ကြောင်း KNU အဖွဲ့က ဗိုလ်မှူးစောလှငွေက ပြောပါတယ်၊

"သောမတ်စ် ကင်တာနားတို့ကနေပြီးတော့ UN အတွင်းရေးမှူးချုပ်ဘန်ကီမွန်းဆီကို ဒီဗမာပြည်မှာရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေက တော်တော်လေးကို ထင်ရှားပြင်းထန်ပြီးသက်သေ ခိုင်လုံနေတဲ့ အပေါ်မှာပေ့ါ။ အဲဒီ အပေါ်တွေမှာ သူတို့ ပြောတဲ့အခါကျတော့ အဲဒါ မီဒီယာတွေက သူတို့က ထုတ်ပြန်ချက်တွေ သူတို့ဆီဖြန့်ပေးတဲ့အပေါ်မှာ လူထုက ဒီကိစ္စ သူတို့ ကိုယ်တိုင်ခံရတဲ့အပေါ်မှာ သူတို့ခံရတဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီးတော့ သူတို့ကိုယ်တိုင် လက်မှတ်ထိုးတင်လို့မရဘူးလားဆိုတဲ့ မေးခွန်းမျိုးတွေ မေးလာတဲ့အပေါ်မှာ ကျွန်တော်တို့ KNU က ဟာ ဒါဖြစ်တာပေ့ါ၊ ခင်ဗျားတို့ ဆန္ဒရှိရင်ဆိုတဲ့ အနေပေါ်မှာ ပြည်သူလူထုကနေပြီးတော့ ဒီ ဘန်ကီမွန်းတို့ရုံးက နေပြီးတော့ သူ့ရဲ့လုပ်ပိုင်ခွင့်တွေအပေါ်မှာ ဆက်ပြီးတော့ ဒီကိစ္စကိုအရေးယူဆောင်ရွက်ပေးဖို့ သူတို့ ကိုယ်နှိုက်ကနေပြီးတော့ လက်မှတ်ထိုးပြီး တင်တဲ့တင်ပြချက်ပါ။ အဲဒါ ကျွန်တော်တို့ကတော့ စုစည်းပေးတာပါပဲ။"

ကရင်ပြည်နယ်မှာ လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း မြန်မာစစ်တပ်က ရွာပေါင်း ၃၆၀၀ ကျော် ဖျက်ဆီးခဲ့ရာမှာ စာသင်ကျောင်း၊ ဘုရားရှိခိုးကျောင်းတွေပါ အဖျက်ခံခဲ့ရတာဖြစ်တယ်လို့ဆိုပါတယ်။ ဒါအပြင် ဒေသခံ ၃၀၀၀ ကျော်ဟာလည်း ရပ်ရွာတွေကိုစွန့်ခွာပြီး ရွာပုန်းရှောင်တွေအဖြစ်နဲ့ တောတောင်တွေမှာ နေထိုင်နေရတယ်လို့ တောင်းဆိုစာမှာဖော်ပြထားပါတယ်၊ ဒါ့အပြင် တခြား လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုးတွေရဲ့ ဒဏ်လည်း ခံစားခဲ့ရတယ်လို့ ဆိုပါတယ်။

ခုလိုစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေရပ်ဆိုင်းနိုင်ဖို့ အပြင် မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာရေးအတွက်ကုလသမဂ္ဂနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်ပေးဖို့ ပန်ကြားတာဖြစ်တယ်လို့ KNU အတွင်းရေးမှူး နော်စီဖိုးရာစိန်က ပြောပါတယ်၊

အခုပေးပို့တဲ့ မေတ္တာရပ်ခံစာကို နိုင်ငံပေါင်း ၈ နိုင်ငံမှာ နေထိုင်တဲ့ ကရင်လူ့အဖွဲ့အစည်း ၁၅ ဖွဲ့ကလည်း ထပ်ဆင့်ထောက်ခံတင်ပြထားတာ ဖြစ်ပါတယ်၊

# ယာဉ်များ စစ်ဆေးစဉ် ခရီးသည်တချို့ အကြမ်းဖက် ဖမ်းဆီးနေကြရ

**RFA ၊ မတ်လ ၁ ။** ။ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်က ပုံးကွဲမှု နောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်တွေမှာ ညှော့စာရင်းစစ်တာတွေ ယာဉ်သွားယာဉ်လာစစ်ဆေးတာတွေ ပိုများလာနေပြီး အဲဒီစစ်ဆေးမှုတွေအနက် တောင်ဒဂုံမြို့နယ်မှာတော့ လက်နက်ကိုင်စစ်တပ်၊ ရဲနဲ့မီးသတ်တွေက ဘတ်စ်ကားပေါ်က ခရီးသည်တချို့ကို အာဏာပြပြီး အကြမ်းဖက် ဖမ်းဆီးလိုက်တယ်လို့ သိရပါတယ်။

အဲဒီဖြစ်ရပ်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်း အမှတ် ၂ လမ်းမကြီးပေါ်က ကျောက်လမ်းဂိတ်မှာဖြစ်ခဲ့တာပါ။ အဲဒီမှာ ဒိုင်နာအမျိုးအစား ဘတ်စ်ကားမှာ လိုက်ပါလာတဲ့ ခရီးသည်တွေကို စစ်ဆေးတဲ့အခါမှာ ခရီးသည်တဦးက ရှာဖွေရေးလုပ်တဲ့ မီးသတ်ဝန်ထမ်းကို စောဒကတက်လို့ အကြမ်းဖက် အဖမ်းခံရတဲ့အပြင် အဲဒီလုပ်ရပ်ကိုဝင်ပြောမိတဲ့ ခရီးသည်တဦးကိုလည်း ဖမ်းထားလိုက်တယ်လို့ မျက်မြင်တဦးက ပြောပါတယ်။

"စစ်သားတွေ၊ ရဲတွေ၊ မီးသတ်တွေပေ့ါနော်၊ သူတို့က ဝီစီတွေမှုတ်ပြီးတော့ ကားကိုရပ်ခိုင်းတယ်ဗျ။ ရပ်ခိုင်းပြီးတော့ အဲဒီမှာ မီးသတ်ဝတ်စုံဝတ်ထားတဲ့ လူငယ်တယောက်က ကားပေါ်ကို တက်ပြီးတော့ ပစ္စည်းတွေကို ရှာတယ်။ အဲဒီအခါမှာ ခရီးသည်တဦးက မင်းက ဘာလဲ ဘာအဆင့်လဲလို့ အဲလိုမေးလိုက်တာ။ အဲဒါ သူ့ကို မေးရပ့ါမလားဆိုပြီးတော့ ခရီးသည်ကိုထိုးမယ်၊ ကြိတ်မယ်လုပ်တယ်။ ခရီးသည်ကလည်း မင်းအိတ်ဖွင့်ခိုင်းတာ ငါဖွင့်ပေးနေတာပဲ၊ မင်းရှာပေ့ါ၊ မင်းအဲဒါ ဘာဖြစ်နေတာလဲဆိုတော့ အောက်က စစ်သားက ဟေ့ကောင် ဘာဖြစ်နေတာလဲ ဆွဲချစမ်းကွာဆိုပြီးတော့ အဲဒီ ခရီးသည်ကို အောက်ကို ဆွဲချတယ်ဗျာ။"

"အဲဒီမှာ ကျွန်တော်တို့ နောက်ကနေပြီးတော့ လိုက်လာတဲ့ခရီးသည်တဦးက ခင်ဗျားတို့ ခရီးသည်တွေကို ပြေပြေလည်လည်ဆက်ဆံနော်၊ ခင်ဗျားတို့ ခရီးသည်တွေကို အကြမ်းမဖက်ပါနဲ့လို့ ပြောတယ်။ မင်းကကော ဘာကောင်လဲဆိုပြီးတော့ အဲဒီလူကိုပါ စစ်သားတယောက်က လက်ထိပ်ခတ်ကွာတဲ့။ နှစ်ယောက်လုံး လက်ထိပ်ခတ်လိုက်တယ်၊ ခတ်ပြီးတော့ ဆွဲချတယ်။"

ပုံးကွဲတဲ့ သတင်းကိုတော့ ဒီကနေ့ထုတ် စစ်အစိုးရသတင်းစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ တရားခံ ဘယ်သူဘယ်ဝါဆိုတာကို ဖော်ထုတ်နေဆဲပဲလို့ ဆိုပါတယ်။

ပုံးကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူတွေကို အင်းစိန်ဆေးရုံမှာ တင်ထားပြီး အဓိကပုံးထိသူတဦးကလွဲလို့ တခြား ဒဏ်ရာရထားတဲ့သူတွေအတွက် စိုးရိမ်စရာ မရှိဘူးလို့ ဖော်ပြထားပါတယ်။ အဲဒီပုံးကွဲမှုမှာ ဒဏ်ရာရသူ စုစုပေါင်း ၈ ဦး ရှိတယ်လို့ ဆိုပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဘုရားဖူးကား တိမ်းမှောက်

လှည်းကူးမြို့ ခါတ်ဆီဆိုင်နှင့်မီးသတ်ရှေ့တွင် ကျိုက်ထီးရိုးဘုရားဖူးပြီး ပြန်လာသည့်ခရီးသည် ၂၅ ဦးတင်ဆောင်လာသည့်အပေါ့စား ကုန်တင်ယဉ်အမျိုးအစား ယာဉ်အမှတ် ၈၈ / ၄၆၁၇ မှာ ညနေ ၄ နာ ရီက တိမ်းမှောက်ခဲ့ကြောင်း လှည်းကူးမီးသတ်က တာဝန်ရှိသူကပြောသည်။ ကားပေါ်ပါ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၂၀ ဦး အားလုံး ဒဏ်ရာတယ်လို့ဆိုပါတယ်။ (MIZZIMA -5- March , 2011)

## ထိုင်းရဲ့အရာရှိ ထောင် ၆ နှစ်ချ

၂၀၀၉ ဂျူလိုင်လကတည်းက ထောင်ကျနေရသော အသက် ၂၇ နှစ်အရွယ်မြန်မာအမျိုးသမီတဦးကို လွှတ်ပေးမည်ဆိုကာ လိင်ဆက်ဆံခဲ့သောထိုင်းရဲ အရာရှိတယောက်ကို ထိုင်းတရားရုံးက ထောင်ဒဏ် ၆ နှစ်အပြစ် ပေးလိုက်ပေးလိုက်ပါတယ်။

သဘောတူညီမှုနဲ့ လိင်ဆက်ဆံခဲ့တဲ့ အမျိုးသမီးကတော့ လွတ်မြောက်သွားတယ်လို့သတင်းက ဆိုပါတယ်။ ဒီအမျိုးသမီးဟာ ထိုင်းနိုင်ငံတွင်း တရားမဝင် လာရောက်အလုပ်လုပ်ကိုင်တာကြောင့် ဖမ်းဆီးခြင်းခံခဲ့ရတာဖြစ်ပါတယ်။ (Thailand News.Net , 1- March , 2011)

## နအဖ တာဝန်ပျက်ကွက်

နအဖစစ်အုပ်စုသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ပျက်ကွက်ခဲ့တယ်လို့ အမေရိကန်သမတ အိုဘာမားက ပြစ်တင်ပြောဆိုလိုက်ပါတယ်။

ဗိုလီးဗီးယား၊ ဗဲန်နီဇွဲလားနဲ့ မြန်မာနိုင်ငံတွေဟာ ယခင်နှစ်တနှစ်လုံးမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး အပြည်ပြည်ဆိုင်ရာသဘောတူညီမှုကို မျက်ကွယ်ပြု ပျက်ကွက်ခဲ့ကြောင်း သမတအိုဘာမားထံတင်ပြသည် အစီရင်ခံစာက ဖော်ပြထားပါတယ်။ (AFP, 5- March , 2011)

## နအဖရဲ့ ဖြတ် ၅ ဖြတ်စီမံကိန်း

တိုင်းရင်းသားဒေသများဖြစ်တဲ့ ရှမ်း၊ ကရင်၊ မွန်၊ ကချင်၊ ကယားနှင့် တနင်္သာရီတိုင်းတို့အတွင်း နအဖစစ်အုပ်စုမှ ရိက္ခာ၊ ဘဏ္ဍာ၊ သတင်း အရင်းမြစ်၊ စစ်သားသစ်စုဆောင်းခြင်းနှင့် နယ်တခုချင်း ဆက်သွယ်သွားလာမှုစသည်တို့ကို ဖြတ်တောက် ရန် နေပြည်တော်မှ တလပိုင်း စစ်တပ်လေးလပတ်အစည်းအဝေမှ ဆုံးဖြတ်ချ မှတ်လိုက်တယ်လို့ဆိုပါတယ်။ (RFA, 6- March , 2011)

## MAI ခရီးစဉ်တိုးချဲ့

မြန်မာ့လေကြောင်းလိုင်း MAI သည် တရုတ်နိုင်ငံ ဂွမ်ဂျိုးမြို့ကို ခရီးစဉ်အသစ်တိုးချဲ့ပြေးဆွဲမယ်လို့ဆိုပါတယ်။ လတ်တလော A-320 ၃ စီး၊ A-321 တစီးနဲ့ ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလွန်ပူ၊ ဗုဒ္ဓဂါယာ၊ စဲမ်ရိဗ်(အဲင်ကာဝပ်)တို့ကို ပုံမှန်ပြေးဆွဲနေပါတယ်။

အသစ်ရောက်လာမယ့် A-320 နဲ့ တောင်ကိုရီးယား၊ ဂျပန်၊ ယူအေအီးနဲ့ကာတာနိုင်ငံတွေအထိ ခရီးစဉ်အသစ်များ တိုးချဲ့ပြေးဆွဲသွားဖို့ အစီအစဉ်ရှိကြောင်းလည်း သိရပါတယ်။(Global Times, 4 - March , 2011)

## ဂျပန်အစိုးရမှ ဒေါ်စုထံဖုံးဆက်

ဂျပန်အာဏာရပါတီမှ အထွေထွေအတွင်းရေးမှူး Katsuya Okada သည် အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ တယ်လီဖုန်းကတဆင့် မြန်မာ့နိုင်ငံရေးအခြေအနေဆွေးနွေးပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ မြန်မာပြည် ဒီမိုကရေစီအရေး နိုင်ငံတကာနဲ့အတူ ဂျပန်အနေနဲ့ပူးပေါင်းကူညီဆောင်ရွက်ပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က ပန်ကြားခဲ့ပါတယ်။

မိနစ် ၄၀ ကြာ ဆွေးနွေးပွဲအတွင်း ဒေါ်အောင်ဆန်းစုကြည်မှ ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံရောက်မြန်မာဒုက္ခသည်များကိုလည်းကူညီစောင့်ရှောက်ဖို့ ဒေါ်စုမှ တိုက်တွန်းပြောဆိုခဲ့ပါတယ်။ (Jaoan Today,5- March , 2011)

## ကံဆိုးသည့် လေယာဉ်မှူးများ

ရုရှားနိုင်ငံမှာ မနေ့မနက်က လေယာဉ်စမ်းသပ်မောင်းနှင်ရင်း ပျက်ကျခဲ့လို့ မြန်မာအရာရှိ ၂ ဦး အပါအဝင် အနည်းဆုံး လူ ၆ ဦးသေဆုံးခဲ့ပါတယ်။ သေဆုံးသွားသူများမှာ ဒုတိယ ဗိုလ်မှူးကြီးထိန်လင်းအောင် (၃၇ နှစ်၊ တေဇ ၂၂) နဲ့ ဗိုလ်မှူးဇော်ထွန်းအောင် (၃၇ နှစ်၊ တေဇ ၂၂) တို့ ဖြစ်ပါတယ်။

နအဖမှ ဝယ်ယူရန် အော်ဒါမှာထားတဲ့ လေယာဉ်ကုမ္ပဏီမှ အခုပျက်ကျသည့်လေယာဉ်သည် အော်ဒါမှာထားရာမှာ ပါမပါဆိုတာ အတိအကျမသိရကြောင်းလည်း သတင်းကဆိုပါတယ်။ (AFP, 5- March , 2011)

## စစ်အသုံးစရိတ်များလွန်း

နအဖစစ်အုပ်စုအသစ်က ၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက်အသုံးစရိတ်ကို ကြေညာလိုက်ပါတယ်။ စစ်တပ်အသုံးစရိတ်အတွက် ၃၀ ရာခိုင်နူန်း၊ စက်မှုလုပ်ငန်းအတွက် ၃၀၊ ကုန်သွယ်မှုအတွက် ၂၃၊ လူမှုလုပ်ငန်းအတွက် ၆ ၊ ပညာရေးအတွက် ၄၊ ကျန်းမာရေးအတွက် ၁ ရာခိုင်နူန်းအသီးသီး ခွဲဝေသတ်မှတ်လိုက်ပါတယ်။

မလိုအပ်တဲ့ စစ်အသုံးစရိတ်များလွန်းနေပြီး ပညာရေးနဲ့ကျန်းမာရေးအတွက်နည်းလွန်းနေတာကြောင့် အကြီးအကျယ် အပြစ်တင် အဝေဖန်ခံနေရပါတယ်။ (Mizzima , 4-March 2011)

# ဗုံးကွဲအပြီး လုံခြုံရေးတင်းကျပ်မှုကြောင့် ရန်ကုန်မြို့ခံတွေ စိတ်ပျက်ကြရ

**VOA ၊ ဖေဖော်ဝါရီ ၂၈ ။** ။ လူတချို့ ထိခိုက်ဒဏ်ရာတွေ ရခဲ့တဲ့ အထိဖြစ်ခဲ့တဲ့ ရန်ကုန်မြို့က ပေါက်ကွဲမှုအပြီး လုံခြုံရေးအစီအမံတွေ တိုးမြှင့် ဆောင်ရွက်ရာမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ အလွန်အကျွံ လုပ်ဆောင်မှုတွေ ရှိနေတယ်လို့ မြို့ခံတွေက ပြောပါတယ်။ခရီးသည် တင်ကားတွေ၊ လူနေရပ်ကွက်တွေမှာ ရှောင်တခင် စစ်ဆေးတာတွေ၊ ဖမ်းဆီးတာတွေအထိ လုံခြုံရေးအာဏာပိုင်တွေက လုပ်နေတယ်လို့ လည်း ပြောပါတယ်။ အပြည့်အစုံကို မွှေအိုအေထိုင်းအခြေစိုက်သတင်း ထောက် မအေးအေးမာက တင်ပြပေးထားပါတယ်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှာ တနင်္ဂနွေနေ့တုန်းက ပေါက်ကွဲ မှုတခုဖြစ်ပွားပြီးနောက်ပိုင်း လုံခြုံရေးတွေကို တိုးချလာရာမှာ ရန်ကုန် ဒဂုံမြို့သစ် တောင်ပိုင်း အမှတ် ၂ လမ်းမကြီးပေါ်က ကျောက်လမ်းဂိတ်နဲ့ မစိုကိတ်မှာ စစ်တပ်၊ ရဲ၊ မီးသတ်များချထားပြီး ခရီးသည်တင်ကားတွေကို စစ်ဆေးရာကနေခရီးသည်တွေနဲ့ အချေအတင်ဖြစ်ကြရတဲ့အထိ ကြုံရ တယ်လို့ မြို့ခံတွေက ပြောပါတယ်။

ဒီလို ပေါက်ကွဲမှုတွေ ဖြစ်တိုင်းမှာ အာဏာပိုင်တွေက လုံခြုံရေး တင်းကျပ်မှုတွေ ပိုမိုလုပ်ဆောင်လာလေ့ရှိပြီး အခုနောက်ဆုံးဆိုရင် လည်း အလုပ်သွားအလုပ်ပြန် ခရီးသည်တွေထဲကတချို့ဆိုရင်မသင်္ကာ တဲ့အတွက်ဆိုပြီး ဖမ်းဆီးခံရတဲ့အထိ ကြုံနေရတယ်လို့မျက်မြင်တွေ့ ခဲ့တဲ့ ခရီးသည်တဦးက ပြောပြပါတယ်။

"ခရီးသည်ကို သူက အိတ်ဖွင့်ခိုင်းတယ်၊ ခရီးသည်ကလည်း အိတ်ဖွင့်ပေးတယ်။ နောက် ခင်ဗျားက ဘာတာဝန်လဲလို့ မေးတော့ မင်းက ငါ့မေးရလား ဘာလားဆိုပြီး လက်သီးနဲ့ထိုးမလို့ လုပ်တယ်။ ထိုးမလို့လုပ်တော့ စကားများတာပေါ့။ ခင်ဗျားဖွင့်ပေးခိုင်းတဲ့အတိုင်း ကျုပ်ဖွင့်တယ်၊ အဲဒါ ဘာဖြစ်လို့ ကျုပ်ကို ထိုးဖို့လုပ်တာလဲဆိုတော့၊ အဲဒီအချိန်မှာ နောက်က တွယ်စီးလာတဲ့အထဲက လူတယောက်က နေ ပြီးတော့ ခင်ဗျားတို့ ခရီးသည်တွေကို ကြင်ကြင်နာနာဆက်ဆံပါ၊ပြေ ပြေလည်လည်ဆက်ဆံပါ၊ အခုလိုပုံစံမျိုး မဆက်ဆံပါနဲ့ဆိုတော့စော စောက အိတ်ဖွင့်ပေးတဲ့ ကလေးကိုရော၊ အောက်ကပြောတဲ့ ကလေး ကိုပါမင်းတို့က ဘာကောင်တွေလဲဆိုပြီးတော့ အတင်းဆွဲပြီးတော့လက် ထိပ်ခတ်ကွာ၊ ဘာညာနဲ့ ဆွဲခေါ်သွားတယ်။ အဲဒီ ၂ ယောက်ကိုထား ခဲ့ရတယ်။

"သူတို့က ပြောသွားသေးတယ်၊ ခင်ဗျားတို့ လုံခြုံရေးအတွက်ပါ တဲ့။ သူတို့ပြောတဲ့ ပုံစံက ကျနော်တို့ ပြည်သူလူထု လုံခြုံရေးအတွက် ရှာတာပါလို့ပြောတယ်။ ပြောပြီးတော့ တကယ်တမ်း အဲဒီ ၂ ယောက် ဖမ်းသွားတော့လည်း အဲဒီလူတွေဆီက ဘာပစ္စည်းမှလည်း သူတို့ မိတာ မဟုတ်ဘူး။ ဘာသက်သေ အထောက်အထားမှ မရှိဘဲနဲ့ လက် ထိပ်ခတ်ကွာဆိုပြီးလက်လွတ်စပယ်ပြောတယ်။အတင်းအဓမ္မထိုးမယ်၊ ကျိတ်မယ်ဆိုတဲ့ပုံစံမျိုးနဲ့ အတင်းဆွဲခေါ်သွားတယ်။ အဲဒါပြည်သူလူထု လုံခြုံရေးလား၊ ပြည်သူလူထုကို ယူနီဖောင်းဝတ်မြင်တိုင်း ထိုင်ရှိခိုးမ တတ် ကြောက်ရအောင် လုပ်နေတာလား။"

အလုပ်ကပြန်လာတဲ့ ခရီးသည်တွေအနေနဲ့ အထောက်အထား ခိုင်ခိုင်မာမာမရှိဘဲ အခုလို ဖမ်းတဲ့ဆီးတဲ့ အဖြစ်မျိုးအထိ ကြုံနေရတဲ့ အတွက်လည်း ကျန်ခရီးသည်တွေအနေနဲ့ စိတ်မသက်မသာ ဖြစ်နေရ တယ်လို့ ပြောပါတယ်။

"အဲတော့ ပြည်သူလူထုလုံခြုံရေးအတွက်ဆိုတဲ့ တာဝန်ရှိပုဂ္ဂိုလ် တွေက ပြည်သူတွေကို ချေချေငံငံ၊ ပြေပြေလည်လည်၊ ယဉ်ယဉ်ကျေး ကျေး မဆက်ဆံဘဲနဲ့ ဟောက်လား၊ မန်လား၊ ကြိမ်းလား မောင်းလား၊ ထိုးမယ် ကျိတ်မယ်လုပ်တဲ့အခါကြတော့ ပြည်သူတွေကလည်း လုံးဝ မခံနိုင်ဘူးပေ့ါဗျာ။ ခရီးသည်တွေကလည်း အလုပ်သွား အလုပ်ပြန် တွေလေ။ အလုပ်ကပြန်လာတဲ့အချိန်၊ မိုးကချုပ်နေတဲ့အချိန် မိသားစု ဆီကို ရောက်ချင်ဇောနဲ့ ကားစီးလာကြတာပေ့ါဗျာ။ အဲဒီအချိန်မှာ သူတို့ က အခုလို အနှောင့်အယှက်ပေးတော့ ပြည်သူလူထုရင်ထဲမှာဘယ် ကောင်းမလဲဗျာ။"

အင်းစိန်မြို့နယ် ကမ်းနားလမ်းက ပေါက်ကွဲမှုဖြစ်ပြီးနောက် လူ နေရပ်ကွက် တချို့မှာလည်း ညဘက်ညှော့စာရင်း စစ်ဆေးတာ၊ ရှောင် တခင်စစ်ဆေးတာမျိုးတွေကို စိတ်အနှောင့်ယှက်ဖြစ်ရလောက်အောင် အာဏာပိုင်တွေကလုပ်နေတယ်လို့ မြို့ခံတွေက ပြောပါတယ်။ လုံခြုံ ရေးအကြောင်းပြချက်နဲ့ အခုလို ရှာဖွေစစ်ဆေးမှုတွေကို အလွန်အကျွံ လုပ်နေတဲ့အတွက် လုံခြုံမှုမရှိတဲ့အပြင် ပိုလို့သာ စိုးရိမ်စိတ်တွေတိုးစေ တယ်လို့လည်း ရန်ကုန်မြို့ခံက ပြောပါတယ်။

"ဗုံးပေါက်တိုင်း ပေါက်တိုင်း အခုလိုပုံစံမျိုးတွေလုပ်တယ်။အ မှန်တကယ်တော့ ဒီဗုံးပေါက်မှုက ပြည်သူလူထုနဲ့မဆိုင်ဘူးဗျ။ သူတို့ ရဲ့လုံခြုံရေးတွေကအင်မတန်ပြည့်ပြည့်စုံစုံရှိပါတယ်။ထောက်လှမ်းရေး တွေလည်း ထားတယ်။ ဒီဗုံးတွေ ဘယ်ကဝင်လာတာလဲ။ ဒီဗုံးတွေ ဝင် လာတာကို ထိထိရောက်ရောက်မတွေ့ဘူး။ ဗုံးပေါက်ပြီး သွားတော့မှ ဂိတ်တွေမှာ စုံစမ်းစစ်ဆေးတာ လုပ်တယ်ဆိုတာကတော့ အနာတခြား ဆေးတခြား ဖြစ်နေပါတယ်ဗျာ။"

တနင်္ဂနွေနေ့က အဖြစ်အပျက်ဟာ ဗုံးပေါက်ကွဲမှုဖြစ်ပြီး ထိခိုက် ဒဏ်ရာရသူတွေရှိခဲ့တယ်လို့လည်း မြို့ခံတွေက ပြောဆိုပေမဲ့ အာဏာ ပိုင်တွေကတော့ ဒီအဖြစ်အပျက်နဲ့ပတ်သက်လို့ တရားဝင်သတင်း ထုတ်ပြန်တာမျိုး မကြားရပါဘူး။

အရင့်အရင်တုန်းက အလားတူ ပေါက်ကွဲမှုတွေဖြစ်ပွားတဲ့ အခါ မျိုးမှာတော့ အတိုက်အခံတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ လုပ် ရပ်အဖြစ်နဲ့လည်း အာဏာပိုင်တွေက စွပ်စွဲလေ့ရှိပေမဲ့ အခြေအမြစ် ခိုင် လုံမှုမရှိတဲ့ စွပ်စွဲချက်အဖြစ်နဲ့ အတိုက်အခံ အင်အားစုတွေကလည်း ပယ်ချလေ့ ရှိပါတယ်။

---

**စာမျက်နှာ ၆ မှ**

လောင်းကစားဂိမ်းဆိုင်တွေလည်း လမ်းကြိုလမ်းကြား ကအစ ပါပဲ။ ကာစီနိုကနေ တိုက်ရိုက်တီဗီနဲ့ လောင်းတာတွေ၊ ပိုက်ဆံထည့် ကစားရတဲ့ ခုံတွေ၊ မြင်းပြိုင်ခုံဂိမ်းတွေ၊ တချို့က ၂၄ နာရီ ဖွင့်တယ်။ ဖဲဝိုင်းဆို ထိုင်းတွေရော မလေးရှားရော လာဆော့တာ။ တပတ်နေလို့ရ တယ်လေ။ ဟိုတယ် တွေမှာ သွားဆော့ကြတယ်။ရွှေတြိဂံ ကိုဆိုလည်း တာချီလိတ်ကနေ ဆိုင်ကယ်နဲ့ တနာရီလောက် ပဲကြာ ပါတယ်။

တာချီလိတ်မှာ မူးယစ်သမားတွေက သူတို့ချင်း အကြွေးတွေ ရှောင်နေကြပြီး ပစ်ခတ်ကြတာတွေလည်း မကြာခဏဖြစ်ပါတယ်။

# အချိန်အခါမဟုတ်မိုးကြောင့် ပဲတီစိမ်းခင်းပျက် တောင်သူများအရှုံးပေါ်

**DVB ၊ မတ်လ ၁ ။** ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းပိုင်းမှာ မိုးသည်းထန်ခဲ့တာကြောင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းက ပဲတီစိမ်းခင်းတွေ ပျက်စီးကုန်ပြီးတောင်သူတွေအရှုံးပေါ်ကြပါတယ်။ဘိတ္တတ်နဲ့ကန်ဘဲ့ကျေးရွာအုပ်စုတွေမှာ တောင်သူအများစုဒေသခံတဦးက ရှင်းပြပါတယ်။

"ဆောင်းအနေနဲ့ကျတော့ နောက်ပိုင်းမှာ ပဲကို အဓိကအားထား စိုက်တာ။ အဲဒါက ကျနော်တို့ ဘိတ္တတ်ကျေးရွာအုပ်စုနဲ့ ကန်ဘဲ့ကျေးရွာအုပ်စုတို့တွေက ပဲကိုတော်တော်လေး အားထားစိုက်ကြတယ်။ ဘာလို့လဲဆိုတော့ ပဲကိုရတဲ့ အမြတ်နှုန်းကလည်း တောင်သူတွေအတွက် တော်တော်လေးကို အားထားလောက်တဲ့အနေအထားကိုရှိတယ်။ ဒီနှစ်အနေအထားကျတော့လည်းဘိတ္တတ်ကျေးရွာ အုပ်စုတခုလေးပဲကြည့်ရင် အဲဒီမှာ ပဲစိုက်ဧက လေးထောင်ကျော်ကျော်ရှိတယ်။ ယခုလက်ရှိကျတော့ ပြီးခဲ့တဲ့ အရက် ၂၀ ကျော်လောက်က ကျနော်တို့စီမှာ မိုးတခါရွာလိုက်တယ်။ အဲဒီမိုးရွာလိုက်တာကြောင့် ပိုးကျတယ်။ ပိုးကျတဲ့အခါကျတော့ လယ်သမားတွေအနေနဲ့ရတဲ့ပိုးသတ်ဆေးတွေ ရတဲ့ဈေးနဲ့ဝယ်တယ်။ အခုဆိုရင် တောင်သူတွေက တညတည်းနဲ့ ငွေကျပ် ၂ သိန်းဖိုးကနေ ငွေကျပ် ၅ သောင်းဖိုးလောက်ထိ အဆင့်လိုက် သူတတ်နိုင်သလောက်ပိုးတွေကို ရတဲ့ဈေးနဲ့ဝယ်ပြီး ပိုးတွေကိုသတ်ကျတယ်။ ဒါပေမယ့် ဒီပိုးတွေက သေသလားလို့ဆိုတော့ ဘာမှအရာမရောက်ဘဲ တဖြည်းဖြည်းနဲ့သာ အပင်တွေပျက်စီးသွားတာတွေ့ရတယ်။"

ပဲတွေ အတော်များများပျက်စီးသွားတာကြောင့် အခု ပဲနုတ်ရာသီမှာ လက်ကျန်ပဲတွေကို နုတ်ယူနေကြတယ်လို့ သူကဆက်ပြောပါတယ်။ ဒီနှစ်တောင်သူတွေ နစ်နာဆုံးရှုံးရသလို လာမယ့် စိုက်ပျိုးရာသီအတွက်လည်းအခက်အခဲကြုံရဖွယ်ရှိတယ်လို့ သူက ဆက်ပြောပါတယ်။

"အခုဆိုရင် ပဲတွေက စပြီးတော့နုတ်နေပြီ။ နုတ်တယ်ဆိုတာ လက်ကျန် ပဲလေးတွေကို နုတ်ကြတာ။ ပဲတွေက မျှော်လင့်ချက်သိပ်မရှိတော့လယ်သမားတွေက ဘယ်လိုဖြစ်လဲဆိုတော့ ကျနော်တို့ဒေသက နာဂစ်ဒေသဖြစ်လို့ နာဂစ်ရဲ့ ဒီဘက်အခြမ်းပေ့ါ။ ၂ နှစ် ၃ နှစ်ကာလအတွင်းမှာ တောင်သူတွေမှာ တော်တော်လေးကို ဒုက္ခရောက်နေတယ်။ အဲတော့ ဒီနှစ်ပဲကို သူတို့တော်တော်လေး အားထားတယ်။ ပဲတွေကလည်း တော်တော်လေးကောင်းပါတယ်။ ပထမပိုင်းမှာ ဘာဖြစ်လို့အားထားသလဲဆိုတော့ သူတို့ ဒီပဲကရတဲ့အမြတ်အစွန်းလေးတွေနဲ့ မိုးတွင်းဘက်ကိုဆက်ပြီးတော့ သူတို့လုပ်ငန်းတွေကိုလုပ်ရှားမယ်။ ပြီးခဲ့တဲ့နှစ်တွေက ကျန်ရှိနေတဲ့အကြွေးတွေကို တတ်နိုင်သလောက်ဆပ်မယ်ဆိုတော့ အခုဒီလိုဖြစ်သွားတဲ့အခါကျတော့ တောင်သူတွေက ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့ဘဲ ဒုက္ခတွေရောက်နေကြတယ်။"

ပုံမှန်အားဖြင့် ဆိုရင် ပဲတဧကကို ၈ တင်းကနေ ၁၅ တင်းကြား ထွက်ရှိတာလို့ဆိုပါတယ်။ မိုးကြောင့်ပျက်စီးခဲ့ရတဲ့ ပဲစိုက်ဧကဟာ လေးထောင်ကျော်လောက်ရှိပြီး အများအားဖြင့်ပျက်စီးခဲ့တယ်လို့ဆိုပါတယ်။ လက်ရှိပဲ တတင်းပေါက်ဈေးက ကျပ်ငွေ လေးသောင်းကျော်ရှိတာကြောင့် ငွေကြေးအားဖြင့်အတော့်ကို နစ်နာခဲ့ကြတယ်လို့ ဆိုပါတယ်။ဒီကိစ္စကို အစိုးရအဖွဲ့စည်းတွေကရော၊ အစိုးရမဟုတ်တဲ့အဖွဲ့ အစည်းတွေကပါ မေးမြန်းတာ၊ သတင်းဖော် ပြတာ တွေ၊ ကူညီတာတွေမရှိဘူးလို့ ပြောပါတယ်။

## ပြကွဒိန်မှ

**မတ် ၂၊ DVB ။ ။** စစ်အသုံးစရိတ်အဖြစ် နိုင်ငံဝင်ငွေ၏ ၂၃ ရာနှုန်းသို့မဟုတ် ဒေါ်လာ ၂ ဘီလီယံသုံးရန်နှင့် ကျန်းမာရေးအတွက် ၁.၃ ရာနှုန်းသို့မဟုတ် ဒေါ်လာသန်း ၁၁၀ သာ ဘတ်ဂျက်သစ်မှ ခွဲတမ်းချထား၏။

**မတ် ၃၊ AP ။ ။** ဆံဈေး ခါတ်ဆီဈေးများ တက်နေ၍ မြန်မာသည် ဆန်ကို ပြည်ပပို့ခြင်း ခေတ္တဆိုင်းထား၏။

**မတ် ၃၊ Asian Correspondent ။ ။** အီဂျစ်နှင့် အခြားနိုင်ငံများတွင် ဖြစ်ပြီး ဖြစ်ဆဲသော အာဏာရှင်စနစ်ဖြုတ်ချရေး တော်လှန်ရေးကွင်းဆက်အဖြစ် မြန်မာတွင် အာဏာရှင်ပြုတ်ကျရန် ဤသို့သာလုပ်ကြပါ ဟူသည့် ဖေ့စ်ဘုက်တွင် မြန်မာဒီမိုကရေစီအင်အားစုတစုမှ တင်ပြထား၏။

**မတ် ၃၊ AHRC ။ ။** ကမ္ဘာ့ကုလသမဂ္ဂ၏ Human Rights Council Review အား နအဖသည် မိမိလိုအပ်သလို အလွဲသုံးစားပြု၍ တလွဲတင်ပြ ဝါဒဖြန့်ခဲ့ကြောင်း Asian Human Rights Commission မှ သတင်းထုန်ပြန်ကြေညာ၏။

**မတ် ၃၊ Mizzima ။ ။** မြန်မာတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုးမြှင့်ရေး ဂျာမဏီနိုင်ငံသည် မြန်မာမှ သံတမန်အနည်းကို လွှန်ခဲ့သော သုံးနှစ်မှစ၍ နှစ်စဉ်ခေါ်ယူသင်တန်းပေးနေကြောင်း။

**မတ် ၃၊ Business Recorder, Pakistan ။ ။** မူးယစ်ဆေးတိုက်ဖျက်ရေးတွင် မြန်မာ၊ ဖော်လီဗီးယားနှင့် ပါကစ္စတန်တို့သည် ပျက်ကွက်ခဲ့ကြောင်း အမေရိကန်မှ ကြေညာချက်ထုတ်ပြန်၏။

**မတ် ၃၊ Flight International ။ ။** မြန်မာသည် ဒေါ်လာသန်း ၅၅၃ ဖြင့် ဝယ်ယူထားသည့် MIG-29 အစီး ၂၀ အနက် အချို့စတင်ရောက်ရှိတော့မည်။ ယခုမြန်မာတွင် MIG-29 လေယဉ် ၁၂ စီးရှိ၏။

**မတ် ၃၊ Irrawaddy ။ ။** လစ်ဗျားအား အပြည်ပြည်ဆိုင်ရာတရားရုံးမှကိုင်တွယ်ရန် လုံခြုံရေးကောင်စီမှတင်ပြခဲ့ရာ မြန်မာနအဖအားလည်း အဘယ်ကြောင့် အလားတူ အရေးမယူနိုင်သနည်းဟု ထက်အောင်မှ သတင်းဝေဖန်၏။

**မတ် ၄၊ DVB ။ ။** ဗန်းမော်ရှိ နအဖတပ်သို့ ရိက္ခာသယ်ယူပို့ဆောင်ရေးကို ကေအိုင်အို ကချင်တပ်များမှ ပိတ်ဆို့၏။

**မတ် ၄၊ Global Times ။ ။** အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း MAI သည် တရုတ်ပြည်တောင်ပိုင်း Guangzhou သို့ ပထမဆုံးခရီးစဉ်အဖြစ်ပျံသန်းခဲ့၏။

**မတ် ၄၊ Irrawaddy ။ ။** နယ်ခြားတပ်သို့အသွင်ပြောင်းရန် ငြင်းဆန်သည့် ကချင်၊ ရှမ်း၊ ကော်သူ့လေ၊ ကရင်၊ မွန်ပြည်နယ်များ၊ တနင်္သာရီတိုင်းတို့ရှိ လက်နက်ကိုင်အဖွဲ့များအား ဖြတ်လေးဖြတ်သုံးရန် နေပြည်တော်မှ အမိန့်ပေးထားကြောင်း။

**မတ် ၄၊ Irrawaddy ။ ။** နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် နိုင်ငံတော်အခွန့်ရှည်ရေးကို ကာကွယ်စရိတ် အကန့်အသတ်မရှိ သုံးပိုင်ခွင့်အာဏာကို စစ်ဦးစီးချုပ်( ဗိုလ်ချုပ်သန်းရွှေ) သို့ပေးသည် ဥပဒေကို ဗိုလ်ချုပ်သန်းရွှေသည် လွှတ်တော်သစ်ခေါ်မည့်ရက်ပိုင်းအလိုတွင် လက်မှတ်ထိုး အတည်ပြုခဲ့၏။

**မတ် ၄၊ Asia Times Online ။ ။** မြောက်ကိုးရီးယားစစ်လက်နက်ဈေးကွက်ဖေါက်သည်များဖြစ်သည့် အီဂျစ်နှင့် မြောက်အာဖရိကနိုင်ငံများသည် ဒီမိုကရေစီဖက်သို့ပိုမိုကူးပြောင်းသည့် အစိုးရသစ်များဖြစ်လာရာ ထိုနေရာကို မြန်မာမှ ယူဖွယ်ရှိကြောင်း Bertil Lintner မှ သီတင်းဝဖန်၏။။

**မတ် ၄၊ SHAN ။ ။** နအဖတပ်သည် ရှမ်းပြည်နယ်တပ်(တောင်) ရှိရာသို့ သံချပ်ကာကားတပ်ပို့ရန် စီစဉ်နေကြောင်း။

**မတ် ၅၊ TKY ။ ။** ဂျပန် ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူး အိုကာဒါသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မိနစ် ၄၀ ကြာ ဖုံးပြောခဲ့၏။

# မြန်မာပြည်သူများ၏ဖြစ်ရပ်ကို နားထောင်ရန် ကုလအထူးကိုယ်စားလှယ်အသင့်ရှိ

**RFA ၊ ဖေဖော်ဝါရီ ၂၈ ။။** ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားက မြန်မာပြည်သူတွေ ခံစားနေရတဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ဖြစ်ရပ်တွေကို နားထောင်ဖို့ သူ အမြဲအဆင်သင့်ဖြစ်နေပါတယ်လို့ RFA နဲ့ ဆက်သွယ်မေးမြန်းခန်းမှာ ပြောဆိုသွားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ကလည်း သူဟာ မလေးရှားရောက်မြန်မာဒုက္ခသည်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ မစ္စတာကင်တားနားကို RFA ဝိုင်းတော်သား ကိုနေရိန်ကျော် ဆက်သွယ် မေးမြန်းထားတာပါတယ်။

ပြီးခဲ့တဲ့တပတ်က မလေးရှားနိုင်ငံကိုသွားပြီး မြန်မာနိုင်ငံက ဒုက္ခသည်တွေအကြောင်း လေ့လာခဲ့တယ်လို့သိရပါတယ်။ အဲဒီတော့ မြန်မာဒုက္ခသည်တွေနဲ့ပတ်သက်ပြီး မစ္စတာကင်တားနား ဘာတွေ့ရှိခဲ့လဲ ခင်ဗျာ။

"ကျွန်တော် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက တိုင်းရင်းသား တော်တော်များများကိုတွေ့ခဲ့ရပါတယ်။ သူတို့က ကျွန်တော့်ကို ပြန်ပြောဖို့တောင် တော်တော်ခက်တဲ့ သူတို့ဒေသမှာ ခံစားခဲ့ရတဲ့ အဖြစ်ဆိုးတွေ၊ အတွေ့အကြုံတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပြောပြပါတယ်။ ဒါကတခုပါ။ နောက်တခု က အဲလိုအခြေအနေဆိုးတွေကြောင့် မြန်မာပြည်ကိုစွန့်ခွာပြီး အိမ်နီးချင်းနိုင်ငံတွေကိုထွက်ပြေးခဲ့ကြပေမဲ့ အဲဒီနေရာတွေမှာလဲအဆင်မပြေမှုတွေအများအပြားနဲ့ရင်ဆိုင်နေရတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေပေါ်မှာ ကျွမ်းကျင်သူတွေလွှတ်ပြီး စောင့်ကြည့်ဖို့ ကျွန်တော် စဉ်းစားမိပါတယ်လို့ ပြောသွားပါတယ်။"

မစ္စတာကင်တားနားအနေနဲ့ အဲဒီဒုက္ခသည်တွေအတွက် တခုခု ဆောင်ရွက်ပေးနိုင်မဲ့ နည်းလမ်းများတွေ့ပါသလား။

"ဟုတ်ကဲ့ မလေးရှားမှာတွေ့ခဲ့ရတဲ့ မြန်မာဒုက္ခသည်တွေအတွက်ကတော့ ကုလသမဂ္ဂက ဒုက္ခသည်အဖြစ်အသိအမှတ်ပြုလက်ခံဖို့ကိစ္စပါ။ ခင်ဗျားသိတဲ့အတိုင်းပဲ ဒုက္ခသည်ဆိုင်ရာ သဘောတူညီချက်ကို မလေးရှားအစိုးရက လက်မှတ်ထိုးထားတာ မဟုတ်တော့ မြန်မာပြည်က ရောက်နေတဲ့ ဒုက္ခသည်တွေအတွက် အခက်အခဲရှိနေပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်လို့လည်း ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ မလေးရှားအာဏာပိုင်တွေပေါင်းပြီး အဖြေတခုခုရအောင်ရှာမှာပါ။ ဒါပေမဲ့ ကျွန်တော်ပြောနိုင်တာက ဒီလူတွေအတွက် လွယ်လွယ်ကူကူ ဖြေရှင်းပေးနိုင်လိမ့်မယ်ဆိုတာတော့ မဟုတ်ပါဘူး။"

နောက်တခု ကျွန်တော်မေးချင်တာက မစ္စတာကင်တားနားရဲ့ နောက်တခေါက် မြန်မာနိုင်ငံခရီးစဉ် အခြေအနေက ဘယ်လိုရှိပါလဲ၊ မြန်မာစစ်အစိုးရက ပြည်ဝင်ခွင့်ဗီဇာ ပေးမဲ့ အခြေအနေရှိပါသလား။

"မြန်မာပြည်ခရီးစဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ လက်တလောမှာတော့ ရွေးကောက်ပွဲကိစ္စတွေ အကြောင်းပြပြီး သူတို့က ကျွန်တော့်ကို ဗီဇာထုတ်ပေးဖို့ ငြင်းဆန်ထားပါတယ်။ ဒါကြောင့် လာမဲ့တလအတွင်း မြန်မာနိုင်ငံကို ဝင်ခွင့်ရဖို့ နောက်တကြိမ် ကျွန်တော်တောင်းဆိုဦးမှာပါ။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံက လက်ရှိကာလ လူ့အခွင့်အရေးဖြစ်ပေါ် တိုးတက်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာချင်ပါသေးတယ်။"

ဟိုတလောက မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေအတွက် ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စေလွှတ်လေ့လာဖို့ မစ္စတာကင်တားနား တိုက်တွန်းဆောင်ရွက်နေတဲ့ကိစ္စ၊ အဲဒါ ဘယ်အခြေအနေ ရောက်နေပြီလဲခင်ဗျာ။

"ဟုတ်ပါတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံအစိုးရက အခုပုံစံအသစ်တခုဖြစ်နေပါတယ်။ တပြိုင်နက်တည်းမှာပဲ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာအစိုးရကို တရားမျှတမှုနဲ့တာဝန်ယူမှုရှိဖို့ တိုက်တွန်းနေတာတွေ့ရပါတယ်။ တရားမျှတမှုနဲ့တာဝန်ယူမှုဆိုတဲ့ သဘောက မြန်မာပြည်ကလူ့ အခွင့်အရေး အခြေအနေတွေနဲ့ပတ်သက်လို့ အချက်အလက်တွေ ရှာဖွေမဲ့ကော်မရှင်ဖွဲ့ပြီး ဆောင်ရွက်ဖို့ကို ပြောတာပါ။ နောက်တခုက ဒီကိစ္စဟာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကောင်စီက ဘယ်လိုဆုံးဖြတ်မလဲဆိုတဲ့အပေါ် မူတည်နေပါတယ်။ ဒီနှစ်ထဲ ကျွန်တော်ကြိုးစားရမဲ့ကိစ္စကတော့ မြန်မာ့အရေးပေါ်မှာ နိုင်ငံတကာက စိုက်လိုက်မတ်တတ် အာရုံစိုက်ကြိုးပမ်းလာအောင်လာမဲ့ မတ်လနဲ့ ဇွန်လ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွေမှာ တင်ပြဖို့ပါပဲ။ ထပ်ပြီးပြောရရင် တရားမျှတမှုနဲ့တာဝန်ယူမှုရှိရမယ်။ ကျွန်တော်ဆိုလိုတာက မြန်မာပြည်သူတွေဟာ နှစ်ပေါင်းများစွာအကြီး အကျယ်လူ့အခွင့်အရေးချိုးဖောက်ခံနေရတယ်၊ ဒါကို တိတိကျကျတင်ပြနိုင်ဖို့နဲ့ ထိရောက်တဲ့အရေးယူမှုတွေ ပြုလုပ်နိုင်ဖို့ပါ။ အခုဆိုရင် လစ်ဗျားနိုင်ငံမှာ အစိုးရကိုယ်တိုင် လူ့အခွင့်အရေးချိုးဖောက်နေတာကို အရေးယူဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက ပြောနေကြတယ်။ ဒီလိုအခြေအနေပေါ်မှာ ဥပမာထားပြီး မြန်မာနိုင်ငံအတွက် ဘယ်တော့ အရေးယူနိုင်မလဲဆိုတာ ကျွန်တော် တိတိကျကျပြောလို့မရသေးပါဘူး။"

မစ္စတာကင်တာနားဆောင်ရွက်နေတဲ့ မြန်မာ့လူ့အခွင့်အရေး အတွက် အထောက်အကူ ဖြစ်အောင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒီမိုကရက်တစ်အတိုက်အခံအဖွဲ့တွေ ပြည်သူတွေဆီက ဘယ်လိုအကူအညီလိုအပ်ပါသလဲ။

ကျွန်တော့်မှာ ဘယ်လို အကူအညီ လိုပါတယ်ဆိုတာသူတို့ဆီကနေ တောင်းခွင့်မရှိပါဘူး။ ကျွန်တော့်တာဝန်က ပကတိအခြေအနေကို လေ့လာပြီး ကုလသမဂ္ဂကို တင်ပြဖို့ပါ။ ဒီလိုတင်ပြနိုင်ဖို့အတွက် မြန်မာပြည်သူတွေက သူတို့ခံစားရတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျွန်တော့်ကိုပြောပြပါ။ ကျွန်တော်ဟာ အဲဒီဖြစ်ရပ်တွေကို နားထောင်ဖို့ အမြဲတမ်း အဆင်သင့်ရှိပါတယ်။

---

ပြည်သူတွေအနေနဲ့ လည်း ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့် ကိုယ့်နိုင်ငံသာယာဝပြောအေးချမ်းတည်ငြိမ်ဖို့ လုပ်နိုင်ခွင့်တွေဆိုတာ ပြည်သူတွေမှာရှိသင့်တယ်၊ ဒီအခွင့်အရေးတွေရှိအောင်လို့ လည်းပြည်သူတွေမှာ ကြိုးစားဖို့ တာဝန်ရှိတယ်။

**ဒေါ်အောင်ဆန်းစုကြည်**

# စစ်အစိုးရ၏ ကာကွယ်ရေး အသုံးစရိတ်သစ် စာရင်းမှန်မဖြစ်နိုင်ဟု ဝေဖန်

**RFA ၊ မတ်လ ၂ ။** ။ စစ်အစိုးရက ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံတော်ဘဏ္ဍာရေး ခွဲဝေသုံးစွဲမှု ဘတ်ဂျက်ထဲက ကာကွယ်ရေး အသုံးစရိတ်ဟာ ၄ ပုံ ၁ ပုံ ရှိပေမဲ့ စာရင်းမှန် မဖြစ်နိုင်ဘူးလို့ လေ့လာသူတချို့က ဝေဖန်ပါတယ်။

နေပြည်တော်တွင် ၂၀၀၈ ခုနစ် မတ်လ ၂၇ ရက်နေ့က ကျင်းပသော တော်လှန်ရေးနေ့ စစ်ရေးပြ အခမ်းအနားတွင် စစ်ကြောင်းများကို အမိုးဖွင့်ကားသစ်ကြီးပေါ်မှ လှည့်လည် စစ်ဆေးနေသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ။ ၂၀၁၀ ရွေးကောက် ပွဲသည် နိုင်ငံရေးအရ စစ်အာဏာရှင်စနစ် တရားဝင်တည်တံ့အောင် လုပ်ဆောင်ချက်အဖြစ် ဒီမိုကရေစီအင်အားစုများက ရှုမြင်လျက်ရှိသည်။

အခုနှစ်အတွက် စစ်အစိုးရပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံ့ဘဏ္ဍာ ခွဲဝေသုံးစွဲရေးဆိုင်ရာ ဥပဒေသစ်ထဲမှာ ကာကွယ်ရေးစစ်အသုံးစရိတ်ကို ၂၅ ရာနှုန်းနီးပါးသုံးစွဲဖို့ သတ်မှတ်ထားပြီး၊ ကျန်မာရေးနဲ့ပညာရေးကဏ္ဍတွေမှာတော့ ၅ ရာခိုင်နှုန်းလောက်ပဲ သုံးစွဲဖို့ လျာထားကြောင်း မနေ့က ထုတ်ပြန်တဲ့ စစ်အစိုးရဲ့ နိုင်ငံတော်ပြန်တမ်းမှာ ဖော်ပြထားပါတယ်။

ဘတ်ဂျက်တခုလုံးရဲ့ လေးပုံတပုံနီးပါးဖြစ်တဲ့ ၂၃.၆ ရာနှုန်းကို ကာကွယ်ရေး အသုံးစရိတ်အဖြစ် သတ်မှတ်ထားပြီး၊ ကျန်းမာရေးမှာ ၁.၃ ရာနှုန်း၊ ပညာရေးမှာ ၄.၁၃ ရာနှုန်းပဲ သုံးစွဲဖို့ ခွဲဝေထားတာဖြစ်ပါတယ်။

စစ်အစိုးရက နှစ်ပေါင်းများစွာအတွင်း အခုလို ဘတ်ဂျက်စာရင်းကို ပထမဆုံးအကြိမ်ထုတ်ပြန်လိုက်ပေမဲ့ စစ်အသုံးစရိတ်နဲ့ ပတ်သက်လို့ စာရင်းထဲမဖော်ပြပဲ သုံးစွဲမှုတွေနဲ့ပါ ထည့်တွက်ရင်မြန်မာနိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာ ဘတ်ဂျက်ရဲ့ ၄၅ ရာနှုန်းလောက်အထိ ရှိနိုင်တယ်လို့ မြန်မာ့နိုင်ငံရေး၊ စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက သုံးသပ်ပါတယ်။

"ဒီလေးပုံတပုံဆိုတာက ဒီ ဘတ်ဂျက်မှာ ဖြစ်တယ်။ အခြားဘတ်ဂျက်စာရင်းမှာမပါတဲ့ ငွေတွေနဲ့ဝယ်တဲ့ နောက်တခုက ဒီပစ္စည်းပေါ် barter system နဲ့ လဲတဲ့ ကိစ္စတွေမှာလည်း တချို့က ဒီ ဘတ်ဂျက်ထဲမှာ မပါတာတွေအများကြီးပါတယ်။ အနည်းဆုံးကျွန်တော်တို့ ခန့်မှန်းတာက (၄၁ ကနေ ၄၅ ရာခိုင်နှုန်းလောက်) သုံးပါတယ်၊ ဘတ်ဂျက်ရဲ့။"

စစ်အစိုးရဟာ နိုင်ငံဘဏ္ဍာ ခွဲဝေသုံးစွဲရာမှာ ဘတ်ဂျက်တခုလုံးရဲ့ ၄၀ ရာနှုန်းနီးပါးကို စစ်အသုံးစရိတ်အဖြစ် အဓိကထား သုံးစွဲနေပြီး၊ ကျန်းမာရေးနဲ့ ပညာရေးတို့မှာ မဆိုစလောက်ပဲ သုံးစွဲနေခဲ့တာကြောင့် ဝေဖန်မှုတွေ ပြင်းပြင်းထန်ထန် ပေါ်ထွက်ခဲ့တဲ့နောက်ပိုင်း ဘတ်ဂျက်အသုံးစရိတ်တွေ လူသိရှင်ကြားထုတ်ပြန်ကြေညာမှုကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစလို့ ရပ်ဆိုင်းထားခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကျန်းမာရေးနဲ့ပညာရေးမှာ အရေးကြီးတဲ့ကဏ္ဍတွေမှာ ထိရောက်တဲ့ ငွေကြေးသုံးစွဲမှုမရှိတာကြောင့် အဖက်ဖက်က ဆိုးဝါးနိမ့်ကျနေခဲ့တယ်လို့ လေ့လာသူတွေက သုံးသပ်ပါတယ်။ ကုလသ မ ဂ္ဂယူနီဆက် ကလေးများ ရန်ပုံငွေအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်ထဲမှာ မြန်မာနိုင်ငံဟာ မွေးကင်းစကလေးသေဆုံးမှုအများဆုံး ၄၄ နိုင်ငံအဖြစ် ဖော်ပြခံရပါတယ်။

# လယ်သမားကို တရားစွဲပြီး မောင်းထုတ်

**DVB ၊ ဖေဖော်ဝါရီ ၂၈ ။** ။ ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်ထဲက လယ်သမားကြီးဦးသိန်းရွှေကို မြို့နယ် အာဏာပိုင်တွေက လယ်ယာမှုခင်းမှာတဖက်သတ်အနိုင်ယူနေတယ်လို့ လယ်သမားကြီး ဦးသိန်းရွှေက ပြောပါတယ်။

ဦးသိန်းရွှေက "ကျနော့်ကို တရားစွဲတာ မြို့တော်ဦးက ၂၄ ရက်နေ့ ကျနော်ရုံးချိန်းသွားပါတယ်။ လက်ပံတန်းမြို့ ရုံးကိုသွားတယ်။ ဒေါ်ခင်သီတာဝင်းက ကျနော့်ကို အစစ်ဆေးအမေးအမြန်းမရှိဘဲနဲ့ ကျနော့်ကို အမိန့်ချလိုက်ပါတယ်။ အမိန့်ချလိုက်တဲ့အခါမှာ ကျနော် ဒဏ်ငွေအရိုက်ခံရပါတယ်" လို့ပြောပါတယ်။

ဦးသိန်းရွှေကို ရုံးထုတ်ထုတ်ချင်းပဲ ဘာမှမမေးမစမ်းဘဲနဲ့ အမိန့်ချမယ်လို့ပြောတယ်လို့ လယ်သမားကြီးတဦးက ဆိုပါတယ်။ ရယကဥက္ကဋ္ဌက တရားလိုအဖြစ် တရားစွဲဆိုထားတဲ့ ဒီအမှုကို မြို့နယ်တရားသူကြီးကလည်း စစ်ဆေးချင်းမရှိဘဲ သုံးကြိမ်တိုင်တိုင် ချမှတ်ခဲ့ပြီး လယ်မြေသိမ်းတဲ့အထိ လုပ်လာတာလို့ ပြောပါတယ်။

"ပထမတခါ ဒဏ်ငွေ ၃၀၀ ရိုက်တယ်၊ ဒုတိယတခါ ဒဏ်ငွေ ၃၀၀ ရိုက်တယ်။ အခုတတိယတခါ ဒဏ်ငွေ ၃၀၀ ရိုက်တယ်။ အဲဒီ ဒဏ်ငွေ ၃၀၀ ရိုက်တာနဲ့မကျေနပ်လို့ လယ်ထဲက ဖယ်ခိုင်းတယ်။" စွဲဆိုထားတဲ့ဒီအမှုကို မြို့နယ်တရားသူကြီး နှစ်ဆက်တိုင်တိုင် ထုချေလွှာမတောင်းဘဲ စီရင်ချက်ချနေတာကြောင့် နယ်မြေခံလယ်သမားတွေကတော့ မကျေမနပ်ဖြစ်နေပါတယ်။ "သူက ၁၀ ကေစွဲတယ်။ ဦးသိန်းရွှေမှာ ၉ ကေ ၇၊ ၆ ပဲ ရှိပါတယ်။ ကွင်းအမှတ် ၁၁၇၇ ဦးပိုင်အမှတ် ၂၂နဲ့ စွဲထားတာ။ ကျနော်သူ့စာအုပ်ထဲ ကြည့်ခဲ့တော့လည်း ကွင်းအမှတ်က ၁၁၇၇၊ ဦးပိုင်အမှတ် ၂၂ ဆိုတာ သူ့စာအုပ်ထဲမှာ ရှာလို့မတွေ့ဘူး" လို့ လယ်သမားတဦးက ပြောပါတယ်။

# လှိုင်သာယာ လယ်ကေ ရာချီသိမ်းခံရ

**DVB ၊ ဖေဖော်ဝါရီ ၂၈ ။** ။ လှိုင်သာယာမြို့နယ်ထဲက လယ်သမားတွေပိုင်ရာချီရှိတဲ့ လယ်ကေတွေကို ရွှေသံလွင် ကုမ္ပဏီအပါဝင် စီးပွားရေးလုပ်ငန်းရှင်တွေက သိမ်းဆည်းထားပါတယ်။

ဒေသခံလယ်သမားတဦးက "၆ နှစ် ၇ နှစ်လောက်ရှိပြီ။ သိမ်းထားတဲ့ကုမ္ပဏီကတော့ ရွှေသံလွင်လို့တော့ပြောတာပဲ" လို့ဆိုပါတယ်။ လှိုင်သာယာမြို့နယ် အပြင်ပဒန်ကျေးရွာက လယ်သမားတွေဖြစ်ကြတဲ့ ဒေါ်မြစစ်၊ဦးမြတင်၊ ဦးစိန်မြ၊ ဒေါ်သန်း၊ ဒေါ်တင်နွဲ့၊ ဒေါ်အေးကြိုင်နဲ့ ဦးကျော်သောင်းတို့ပိုင်ဆိုင်တဲ့ လယ်မြေကေ ၁၂၁ ကေကို ရွှေသံလွင်၊ ဝါဝါဝင်းနဲ့ အေအမ်တီကုမ္ပဏီတွေက ၁၉၈၉ခု ကတည်းက သိမ်းယူထားခဲ့တာ ဖြစ်ပါတယ်။

"လယ်သိမ်းခံခဲ့ရတာ လေးငါးခြောက်နှစ်ရှိပြီ၊ ဘာအခွင့်အရေးမှလည်း မရပဲနဲ့ လယ်တွေသိမ်းထားတာ အခု ဒုက္ခတွေရောက်နေပြီ၊ ၁၀နှစ်နီးပါးလောက် ဖမ်းထားတာ၊ လက်ရှိသိမ်းထားတာ အဆောက်အဦသုံးခုကို ၃ ကေ လောက် ပါသွားတယ်" လို့ လယ်မြေသိမ်းဆည်းခံရတဲ့ ဒေသခံအမျိုးသမီးတဦးက ပြောပါတယ်။ ဒီကိစ္စကို ရန်ကုန်အခြေစိုက် အလုပ်သမားလယ်သမားအကျိုးစီးပွားကာကွယ်စောင့်ရှောက်သူများအဖွဲ့က ကူညီစောင့်ရှောက်ပေးနေပါတယ်။"

"ဒုက္ခရောက်တယ်ဆိုတော့ အခုစားဝတ်နေရေးလည်း ကျပ်တည်းတဲ့အချိန် ကျမတို့က ဒီလယ်အလုပ်ကိုပြန်လုပ်ခွင့်ကို တောင်းဆိုတယ်" လို့အဲဒီဒေသခံအမျိုးသမီးက ပြောပါတယ်။ လယ်မြေသိမ်းဆည်းခံရတဲ့ ဒေသခံတခြားအမျိုးသမီးတဦးကလည်း "ဒီလယ်အတွက် ခံစားခွင့်လေးဘာလေးလိုချင်တာပေ့ါ၊ ပြန်လည်းလုပ်ချင်တယ်၊ တောင်းဆိုထားတာပေ့ါနော်၊ အသံနားခံတာပေ့ါ" လို့ ပြောပါတယ်။

# နအဖစစ်တပ်က ကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်

**DVB ၊ မတ်လ ၁ ။** ။ ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း လှုပ်ရှားနေတဲ့ စစ်အစိုးရတပ်တွေက ကျေးရွာတွေကို လက်နက်ကြီး လက်နက်ငယ်တွေနဲ့ပစ်ခတ်မှုကြောင့် ရွာသူရွာသား ၁ ထောင်ခန့်ဟာ တောတွင်းထွက်ပြေးခိုလှုံနေကြရပါတယ်။

ဖာပွန်ခရိုင်အတွင်း လှုပ်ရှားနေတဲ့ စစ်အစိုရတပ်မ ၁၀၁ လက်အောက်ခံတပ်တွေဟာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ၂၄ ညသန်းခေါင်လောက်မှာ ဖာပွန်ခရိုင် တယ်ဘိုးပလောဒေသက ကျေးရွာ ၈ ရွာဆီ လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရွာသားတွေဟာနီးစပ်ရာ တောတောင်ကြားမှာ ထွက်ပြေးတိမ်းရှောင်နေကြပြီး အခုချိန်ထိအိမ်မပြန်ရဲကြသေးဘူးလို့ ကေအန်ယူတပ်မဟာ ၅ စစ်ရေးတာဝန်ခံ ဗိုလ်မှူး ကလယ်ဒိုက ပြောပါတယ်။

"၂ လပိုင်း ၂၄ ရက်နေ့ည ၁၂ နာရီလောက်မှာ နအဖစစ်တပ်က ဖာပွန်ကနေပြီးတော့ အတွင်းကို ဆင်းလာတယ်။ ဆင်းလာပြီးတော့ ညအချိန်မှာ တယ်ဘိုးပလောဆိုတဲ့ နေရာမှာ အဲဒီမှာ ရွာအစုလေးတွေရှိတယ်။ အဲဒီရွာထဲကို သူတို့က လက်နက်ကြီးကော လက်နက်ငယ်ကော ပစ်လွှတ်လိုက်တယ်။ အဲဒီအချိန်မှာ ညသန်းခေါင်မှာပဲ ရွာသားတွေကနေ တောထဲကို ထပြီးထွက်ပြေးကုန်ကျတယ်။ ဘာမှလည်း ယူမအားဘူး။ သူတို့ရွာကို သူတို့ပြန်မရဲသေးဘူး။ တချို့အိမ်တွေကျတော့ မီးရှို့ပစ်တယ်လေ။ တချို့ကျတော့ ရှိသေးတယ်။ ဒါပေမယ့် သူတို့မပြန်ရဲသေးဘူး။ ဘာလို့လဲဆိုတော့ နအဖစစ်တပ်က မိုင်းတွေ ဘာတွေ ထောင်မလားဆိုပြီးတော့ မပြန်ရဲသေးဘူး။"

ပစ်ခတ်မှုအတွင်း ထိခိုက်ဒဏ်ရာရမှုမရှိဘူးလို့ဆိုပါတယ်။ စစ်အစိုးရတပ်တွေဟာ ညပိုင်းလက်နက်ကြီးတွေနဲ့ ပစ်ခတ်ပြီးတဲ့နောက် နောက်နေ့မနက်ပိုင်းမှာ အဲဒီရွာတွေအတွင်းထဲကိုဝင်ပြီး ရွာသားတွေ မွေးထားတဲ့ ကြက်၊ ဘဲ၊ ဝက်တွေကို ဖမ်းယူစားသောက်သွားပြီး အပြန်မှာ နေအိမ်တချို့နဲ့စပါးကျီတချို့ပါမီးရှို့ဖျက်ဆီးခဲ့တယ်လို့ သူက ပြောပါတယ်။ အဲဒီရွာငယ်တွေတွေက ခန့်မှန်းခြေလူဦးရေ ၁၀၀၀ နီးပါးဟာ တောကြိုအုံကြားမှာ တကွဲတပြား ပုန်းအောင်းနေကြရသလို နီးစပ်ရာအသိတွေမှာပဲ ခိုကပ်စားသောက်နေကြရတယ်လို့ ဗိုလ်မှူးကလယ်ဒိုက ဆက်ပြောပါတယ်။

"နအဖစစ်တပ်အနေနဲ့က အခုက အစိုးရအသစ်ကိုလည်း သူတို့ဖွဲ့စည်းပြီးပြီ။ ကျနော်တို့ရဲ့ ပဋိပက္ခတွေကို ကျနော်တို့အမြင်ကတော့ တက်လာတဲ့အစိုးရအသစ်က ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းမလားလို့ အဲလိုထင်ထားတဲ့အချိန်မှာ နအဖက အကြမ်းနည်းနဲ့လိုက်ပြီး ဖြေရှင်းတော့ ကျနော်တို့အနေနဲ့လည်း တက်လာတဲ့အစိုးရလည်း အရင်အစိုးရနဲ့ မခြားနားဘူးလို့အဲလိုပဲယူဆတာပေါ့။" နအဖစစ်အစိုးရအနေနဲ့လက်ရှိအခြေအနေမှာလွှတ်တော်ခေါ်ပြီးအစိုးရအသစ်ဖွဲ့နေပေမယ့် လူထုတွေပေါ် ထိုးစစ်ဆင်တဲ့အပေါ် ဗိုလ်မှူးကလယ်ဒိုက အခုလို ဝေဖန်ပါတယ်။

# နိုင်ငံခြားသားခရီးသည် ဒါးပိုက်နှိုက်ခံရ

**DVB ၊ မတ်လ ၁ ။** ။ ရန်ကုန်ဘူတာကြီးမှာ နိုင်ငံခြားသားခရီးသည်ဆီက ဒေါ်လာငွေ တသောင်း ခါးပိုက်နှိုက်မှု ပြီးခဲ့တဲ့စနေနေ့ က ဖြစ်ပွားခဲ့တဲ့အတွက် လုံခြုံရေး တင်းကျပ်ထားပါတယ်။

ဟုတ်ကဲ့ပါ။ ရန်ကုန်ဘူတာကြီးမှာ နိုင်ငံခြားသားခရီးသည်တွေဆီကဒေါ်လာ ၁၀,၀၀၀ အလစ်သုတ်မှုဖြစ်ပွားခဲ့တာမို့လုံခြုံရေးတင်းကျပ်ထားပါတယ်။

"သူက နိုင်ငံခြားသားစီကနေပြီးတော့ ဝိုင်းသယ်ပေးမယ်ပြောပြီးတော့ သူက စာမတတ်ဘူး၊ ကုန်ထမ်းသမားပါ။ သယ်ပေးပြီးတော့မှ ပိုက်ဆံအိတ်ကို နှိုက်တာ"လို့ မီးရထားဝန်ထမ်းတဦးက ပြောပါတယ်။ ကိုရီးယားလူမျိုးခရီးသည်တဦးရဲ့ အိတ်ထဲကနေ ဒေါ်လာတသောင်းခါးပိုက်နှိုက် ခဲ့သူတွေကဘူတာကြီးမှာ ကုန်ထမ်းနေသူ ကိုဂန်ဘားနဲ့သူရဲ့ အပေါင်းအသင်းတွေဖြစ်တယ်လို့ရဲစစ်ချက်အရသိရပါတယ်။ အခုအခါ ခါးပိုက်နှိုက် ၄ ယောက်ကိုဖမ်းထားပါပြီ။"

နှိုက်လိုက်တော့ အထဲမှာဒေါ်လာတွေကြီးပဲ။ ဒေါ်လာ ၁၀၀ တန်တွေ၊ ထောင်တန်တွေလည်း ပါမှာပေါ့။ အားလုံးသောင်းကျော်ပြောတယ်။ ဗမာငွေနဲ့တွက်လိုက်ရင် သိန်းတရာကျော်တယ်" လို့ မီးရထားဝန်ထမ်းက ပြောပါတယ်။ အခုဖြစ်ရပ်ကြောင့် သက်ဆိုင်ရာသံရုံးနဲ့မီးရထားတိုင်းရုံးအဆင့်တာဝန်ရှိသူတွေ အထိဝင်ရောက်ဖြေရှင်းခဲ့ရတယ်ဆိုပါတယ်။ အခုအခါ ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်ဈေးသည်တွေကို ရှင်းလင်းတာ၊ အမြန်ရထားလက်မှတ်မရှိဘဲ ညအိပ်နေတာတွေကို ခွင့်မပြုတော့တဲ့အပြင် ဘူတာကြီးအတွင်း ဓာတ်ပုံရိုက်ခွင့်ကိုလည်း အထူးတင်းကျပ်လိုက်ပြီလို့ ဆိုပါတယ်။

ဒီအချက်တွေကို မလိုက်နာရင်တော့ ခြေချုပ် ၁၄ ရက်တိတိ ဖမ်းဆီးမယ်လို့ ရထားရဲ ဝန်ထမ်းတဦးက ဆိုပါတယ်။

"ခရီးသွားမယ့် ခရီးသည်တဦးအပါအဝင် မှတ်ပုံတင်ကိုပြ၍ ရောင်းချပေးမှာဖြစ်ပြီး ခရီးသွားမည့် ခရီးသည်တဦးနှင့် မှတ်ပုံတင်မပါရှိပါက ရောင်းချပေးမှာမဟုတ်ပါ။"

သတင်းရပ်ကွက်ရဲ့အဆိုအရ တရားလို နိုင်ငံခြားသားတွေအနေနဲ့အမှုဖြစ်ပြီး ငါးရက်အတွင်း အလစ်သုတ်ခံရတဲ့ပိုက်ဆံအတိအကျ ပြန်လိုချင်တယ်လို့ တောင်းဆိုထားကြောင်း သိရပါတယ်။

# မန္တလေးတွင် မီးလောင်မှုအဖြစ်များလာ

**DVB ၊ မတ်လ ၁ ။** ။ နွေဦးရာသီမှာ ရာသီဥတုပူပြင်းတဲ့ မန္တလေးမြို့မှာ ပေါ့ဆမှုကြောင့် ဖြစ်ပွားတဲ့ အသေးစားမီးလောင်မှုတွေ အဖြစ်များလာပြီလို့ မြို့ခံတွေကဆိုပါတယ်။ မန္တလေးမြို့မှာ အသေးစားမီးလောင်မှုတွေပြီးခဲ့တဲ့ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလကုန်ပိုင်းတွေမှာ ဖြစ်ပွားမှုတွေ များပြားလာတာပါ။

ဒီကနေ့မှာလည်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ သိပ္ပံလမ်းနဲ့ ၆၃ လမ်းထဲမှာ နေ့လယ် ၁၂ နာရီ ဝန်းကျင်လောက်က မီးလောင်မှုတခုဖြစ်ပွားခဲ့တယ်လို့ မြို့ခံတဦးကဆိုပါတယ်။ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံးပျက်စီးသွားတယ်လို့လည်း အခြားမန္တလေးမြို့ခံတဦးက ဆိုပါတယ်။ မီးလောင်မှုနဲ့ပတ်သက်ပြီး မန္တလေးဗဟိုမီးသတ်အပါဝင် မြို့နယ်မီးသတ်ဦးစီး ဌာနတွေကိုဆက်သွယ်မေးမြန်းပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို အတည်ပြုဖို့ကြိုးစားခဲ့ပေမယ့်လည်း ပြန်လည်ဖြေဆိုခြင်း မရှိခဲ့ပါဘူး။ မန္တလေးတိုင်းထဲမှာ ပြီးခဲ့တဲ့ဇန်နဝါရီတလတည်းမှာတင် မီးလောင်မှု ၁၃ ကြိမ်လောက်ဖြစ်ပွားခဲ့ပြီး ဒီမီးလောင်မှုတွေဟာ ပေါ့ဆမှုတွေကြောင့် လောင်ကျွမ်းတဲ့မီးတွေဖြစ်တယ်လို့ မီးသတ်အရာရှိတွေနဲ့ နီးစပ်တဲ့ အခြားမြို့ခံတဦးကတော့ ဆိုပါတယ်။

"ဒီနှစ်လည်း လောင်နေပြီ၊ စလည်းစနေပြီ။ တချို့လည်း ၃–၄ အိမ်လောင်သွားတဲ့ဟာတို့၊ ၄–၅ အိမ်လောင်သွားတာတို့ အများကြီးပဲ၊ အခုလောင်တဲ့ဟာက ဓာတ်ဆီကိုလှယ်ကြတာ၊ ပလတ်စတစ်ပုံးချင်းလှယ်တဲ့အခါ မှာကူးပြီး လောင်တဲ့မီး။ ဝါယာရှော့ဖြစ်တဲ့မီး အဲလိုမျိုးတွေရှိတယ်။ ဒီနှစ်ကတော့ မန္တလေးမှာ အခုချိန်ထိလျှပ်စစ်မီးက မပျက်သေးဘူး"။

မီးလောင်မှုတွေ ဆက်တိုက်ဖြစ်ပွားနေပေမယ့်လည်း သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနတွေကတရားဝင်သတင်းထုတ်ပြန်ပေးတာမျိုးအားနည်းနေသလို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် ပညာပေးတာတွေ နည်းပါးနေတယ်လို့လည်း အခြားမြို့ခံအချို့က ဆိုပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာတော့ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းမီးလောင်မှုမှာ နေအိမ် ၅ လုံး၊ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ရေအေးကုန်ကျေးရွာ မီးလောင်မှုမှာ နေအိမ် ၈ လုံး၊ မကွေးတိုင်း၊ မင်းဘူးမြို့နယ် ချောင်းဖြူကျေးရွာ မီးလောင်မှုမှာ နေအိမ် ၂၀၈ လုံးပျက်စီးဆုံးရှုံးခဲ့ရပြီး အိမ်ထောင်စု ၃၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတယ်လို့ အစိုးရသတင်းစာတွေက ဆိုပါတယ်။

# ငြေစပ်ဆွေးနွေးရေး ဆိုရာဝယ်

**ယခင်အပတ်အဆက်**

**ခင်မမမျိုး**

ဒီအဆင့်မှာ ထူးခြားတာက Track I ခေါင်းဆောင်တွေကိုယ်တိုင် စေ့စပ်ဆွေး နွေးရေးအတွက် ပြင်ဆင်မှုတွေ စတင်ပြုလုပ်လာလေ့ရှိတာ ဖြစ်ပါတယ်။ ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေ ရွေးချယ်စဉ်းစားလေ့ရှိတဲ့ substantive and procedural considerations တွေကို ပညာရှင်တွေက သုတေသနပြု လေ့လာကြရာမှာ အချက်ကြီးသုံးချက်ကို တွေ့ခဲ့ကြပါတယ်။

ချဉ်းကပ်နည်းလမ်း-

စေ့စပ်ဆွေးနွေးရာမှာ ဘယ်လို issues တွေကို ဆွေးနွေးမှာလဲ။ ပါဝင်မယ့်လူမျိုးစုတွေ၊ အာဏာပိုင်အဖွဲ့အစည်း တွေ၊ အတိုက်အခံအဖွဲ့အစည်းတွေရဲ့ positions တွေ က ဘာတွေလဲ။ အကျိုးစီးပွားက ဘာတွေလဲ။စေ့စပ်ဆွေးနွေးခြင်းဖြင့် အားလုံးအတွက် အကျိုးကျေးဇူးရှိမယ့် အခွင့်အလမ်းတွေက ဘယ်မှာလဲ။

ပါဝင်သူများ-

စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်ကို ရောက်လာမယ့် stakeholders တွေက ဘယ်သူတွေ ဖြစ်မလဲ။ ဘယ်လို ကျွမ်းကျင်နားလည်သူတွေ ပါဝင်ဖို့လိုအပ်သလဲ။ ပါဝင်သူတွေရဲ့ ကိုယ်ရေးရာဇဝင်တွေ၊ တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အလေ့အထတွေက ဘာတွေလဲ။ ဘယ်လို ညွန့်ပေါင်းအဖွဲ့အစည်းတွေကို ဖွဲ့နိုင်မယ့် အလားအလာရှိနိုင်သလဲ။

တွန်းအား-

ဘယ်လိုစံနှုန်းနဲ့ သဘောထားတွေကို အင်အားစုတွေကလက်ခံကြသလဲ။ စံနှုန်းတွေ ကျင့်သုံးနိုင်အောင် ဘယ်လို re-framing လုပ်မလဲ။

တခါတရံမှာ Track I ခေါင်းဆောင်တွေက စေ့စပ်ဆွေးနွေးမှုဆိုင်ရာ pre-conditions တွေကို ကြေညာချက်တွေထုတ်ပြီးသတ်မှတ်လေ့ရှိကြပါတယ်။ Pre-conditions တွေဆိုတာ စေ့စပ်ဆွေးနွေးမှုဖြစ်စဉ်ကို နှောင့်နှေးစေတဲ့ အရာတွေ ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးကြမယ့် အင်အားစုတွေအကြား တိုးတိုးတိတ်တိတ် ညှိနှိုင်းကြရမယ့် အရာတွေဖြစ်ပါတယ်။ အမှန်တကယ် စေ့စပ်ဆွေးနွေးအဖြေရှာရေးကို ဦးတည်ဆောင်ရွက်တဲ့အခါ စတိတ်မင့်ထုတ်ပြီး pre-conditions ချပေးတဲ့နည်းဗျူဟာကို အသုံးပြုလို့မရပါဘူး။ ရလဒ်က စေ့စပ်ဆွေးနွေးရေးကို မဦးတည်ပဲ political deadlock ဖြစ်စေ နိုင်ပါတယ်။

သို့ပေမယ့်ဒီနည်းဗျူဟာက diplomatic cover ရစေတဲ့အတွက် အတိုက်အခံအင်အားစု အချို့က သုံးလေ့ရှိပါတယ်။ စတိတ်မင့်ထုတ်ပြီး pre-conditions သတ်မှတ်တာကို အာဏာပိုင်တွေဘက်က စေ့စပ်ဆွေးနွေးဖို့ အမှန်တကယ် ရည်ရွယ်ချက်ရှိတယ်လို့ သုံးသပ်လေ့မရှိပါဘူး။ အာဏာပိုင်တွေဘက်ကို နိုင်ငံတကာ ဖိအားတိုးလာအောင်၊ အတိုက်အခံဘက်မှာ diplomatic cover ရလာအောင် ကြိုးပမ်းတဲ့ threat လို့ပဲယူဆပါတယ်။ ဒီလိုနည်းဗျူဟာကို တခြားနိုင်ငံရေးအဆင့်တွေမှာ အသုံးပြုရင် political deadlock ဖြစ်ပြီး၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် Phase III မှာ သုံးလိုက်ရင်တော့ ဖြစ်စဉ်တခုလုံးကိုပျက်စီးသွားစေတတ်တဲ့အတွက် စေ့စပ်ဆွေးနွေးအဖြေရှာရေးကို အမှန်တကယ်လိုလားတဲ့ အတိုက်အခံခေါင်းဆောင်တွေ အထူးသတိပြုကြဖို့လိုအပ်ပါတယ်။ အလားတူပါပဲ၊ အာဏာပိုင်တွေ ဘက်ကလဲစေ့စပ်ဆွေးနွေးအဖြေရှာရေးကို တကယ်လိုလားတယ်ဆိုရင် pre-conditions သတ်မှတ်ချက်တွေကို ရှောက်ကြဉ်ရမှာ ဖြစ်ပါတယ်။

Phase III အဆင့်မှာ Track II - III ခေါင်းဆောင်တွေ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကိုလဲ ပညာရှင်တွေက လေ့လာဖော်ထုတ်ထားကြပါတယ်။ အဓိက လုပ်ငန်းတာဝန်တွေကတော့ စေ့စပ် ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူများအကြား အပြုသဘောဖြင့် ဆက်ဆံကြမည့် ဒိုင်ယာလော့ခ် အခင်းအကျင်းဖြစ်အောင် ဖန်တီးပေးခြင်းတိုင်းပြည်အနာဂတ်အတွက် အရေးကြီးသော ပြဿနာများကို ဖြေရှင်းရန် စေ့စပ်ဆွေးနွေးပွဲတွင်ပါဝင်သူများ သဘောတူညီထားသည့် အချက်အလက်များကို လေ့လာသုံးသပ်၍ ဆက်ဆံရေးပျက်ပြယ်နိုင်သော အခြေအနေများတွင် ဝင်ရောက်ထိန်းသိမ်းပေးခြင်း စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားစေနိုင်သည့်အဖျက်သဘော ဆက်ဆံရေးအခြေအနေများ ဖြစ်ပွားလာပါက အဆိုပါဆက်ဆံရေးအခြေအနေများကြောင့် မည်သို့သောအလားအလာများ ပေါ်ပေါက်စေနိုင်သည်ကို လေ့လာဆန်းစစ်ပြီး စေ့စပ်ဆွေးနွေးအဖြေရှာရေးလမ်းစဉ်ကိုထိပ်ပိုင်းခေါင်းဆောင်များ ဆက်လက်စွဲကိုင်မည့် အခြေအနေများ ဖန်တီးပေးခြင်းစတာတွေ ဖြစ်ပါတယ်။

ဒီအဆင့်မှာအရေးကြီးဆုံးကတော့လိုအပ်မယ့်အပေးအယူတွေ ဖော်ထုတ်ခြင်း၊ common ground ရှာဖွေခြင်းနဲ့ consensus ရအောင်ပြုလုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

Phase Four: Scenario Building and Negotiation

ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေအကြား တရားဝင်စေ့စပ်ဆွေးနွေးမှုတွေ စတင်လာပြီဖြစ်ပါတယ်။ Track II- III ခေါင်းဆောင်တွေအနေနဲ့လဲ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားသွားစေမယ့်အခြေအနေတွေ မဖြစ်ပွားလာအောင် အထူးအာရုံစိုက်ရမယ့်အဆင့်ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးကြရမှာ Track I ခေါင်းဆောင်တွေအနေနဲ့ နိုင်ငံရေးအရဆီလျော်ပြီး၊ လက်တွေ့မှာလဲ အကောင်အထည်ဖော်လို့ရမယ့် သဘောတူညီချက်တွေ ပေါ်ထွက်လာအောင်ဦးတည်ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ Track II – III ခေါင်းဆောင်တွေကတော့ ကျင်းပနေဆဲ စေ့စပ်ဆွေးနွေးပွဲတွေရဲ့ အခြေအနေကို လေ့လာသုံးသပ်တာတွေ၊ စေ့စပ်ဆွေးနွေးပွဲပျက်ပြားစေနိုင့်မယ့် အခြေအနေတွေကို စောင့်ကြည့်ထိန်းချုပ်တာတွေ၊ ပျက်ပြားစေမယ့်အခြေအနေတွေကို ဖယ်ရှားနိုင်မယ့်နည်းလမ်းတွေကိုရှာဖွေဆောင်ရွက်တာတွေ၊ Track I ခေါင်းဆောင်တွေက တဘက်ကအခြေအနေကို တီးခေါက် လိုတဲ့အခါမှာ float trial balloons အနေနဲ့ ဆောင်ရွက်ပေးတာတွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးပွဲမှာ အသုံးပြုကြတဲ့ Policy frame work အသီးသီးမှာ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက working group တွေ တည်ဆောက်ပြီး လိုအပ်တာဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မနှစ်ကထက်ရာသီဥတု ပိုမိုကောင်းနိုင်ဟု မိုးဇလပညာရှင် ဦးထွန်းလွင် ခန့်မှန်း

**DVB ၊ ဖေဖော်ဝါရီ ၂၈ ။** ။ မြန်မာနိုင်ငံရဲ့ဒေသအချို့မှာ နေအပူအချိန်ရောညအပူအချိန်တွေပါ သိသိသာသာမြင့်တက်စပြုလာပြီပါတယ်။ ဒီအခြေအနေတွေပတ်သက်ပြီး မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဆရာဦးထွန်းလွင်ကတော့ လာမယ့် ၂၀၁၁ ခုနှစ်ရဲ့ နွေရာသီမှာ အပူချိန်လျော့နည်းနိုင်ဖွယ်မရှိပေမယ့် မနှစ်က ကြုံတွေ့ခဲ့ကြရသလို မိုးခေါင်းရေရှားမှုတွေ အနည်းငယ်နည်းသွားနိုင်ပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်တယ်လို့ သုံးသပ်ပြောဆိုလိုက်ပါတယ်။

ရောဝတီတိုင်း၊ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းထဲက ဒေသအချို့မှာ ဆောင်းရာသီကုန်မယ့် ဒီဖေဖော်ဝါရီ လကုန်ပိုင်းကစပြီး ရာသီဥတုတွေ ပူနွေးစပြုလာပြီဖြစ်တယ်လို့ ဒေသခံတွေကဆိုပါတယ်။ နွေရာသီကို စတင်ရောက်ရှိတော့မယ့်အချိန် ဒီလအတွင်းမှာပဲ အမေရိကန်နိုင်ငံ International Research Institute (IRI) က ထုတ်ပြန်တဲ့ ခန့်မှန်းချက် တွေမှာဆိုရင်တော့ ၂၀၁၁ ခုနှစ်မှာ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်ကလို ပူပြင်းမှာမဟုတ်တဲ့အကြောင်း၊ အရင်နှစ်က အပူပြင်းခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာစတဲ့နိုင်ငံတွေမှာ ဖြစ်မြဲအောက် လျော့နည်းမယ့်အကြောင်း ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ကြုံတွေ့ရမယ့် နွေရာသီရဲ့ မိုးလေဝသအခြေအနေတွေကို မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဆရာဦးထွန်းလွင်က အခုလို ခန့်မှန်းပြောကြားပါတယ်။

"နှစ်ပိုင်းကြည့်ရမှာပေါ့ဗျာ။ တပိုင်းကတော့ လောလောဆယ်ဖြစ်နေတဲ့ Long term trend ပူတာကတော့ ဖြစ်နေတဲ့ဟာပဲလေ။ ဒါပေမယ့် အခိုက်အတန့်အားဖြင့်ဒီရက်ပိုင်း ဒီနှစ်အနေနဲ့ကတော့ မနှစ်ကထက် ပိုကောင်းမယ်လို့တော့ ခန့်မှန်းထားတာပေါ့။ သူ့ဟာသူ ပုံမှန်ထက်ပူတာတွေကတော့ ပူမှာပေါ့။ ရန်ကုန်ဆိုလည်း ၄၀ လောက်ထိတော့ ပူမှာပဲ။ အလယ်ပိုင်းလည်း ၄၄ လောက်ထိတော့ပူမှာပဲ။ နည်းနည်း ဒီ့ထက်ပိုပူရင် ၄၅ ဖြစ်ရင်လည်းဖြစ်သွားမှာပေါ့။ ဒါပေမယ့် မနှစ်ကလို စံချိန်ချိုး မိုးမရွာဆိုတာမျိုးကတော့ ဒီနှစ်ခန့်မှန်းထားခြင်း မရှိဘူးလို့ ဒါကို ပြောတာပါ။"

ဒီနှစ် နွေရာသီမှာတော့ မိုးတွေဘာတွေ ရလာနိုင်စရာရှိတာပေါ့နော်။

"နားလည်အောင် ပြောရရင်တော့ မနှစ်ကနဲ့မတူဘူးဆိုတာပဲမှတ်ထားစေချင်ပါတယ်။ မနှစ်ကလို မဆိုးနိုင်ဘူးလို့ ခန့်မှန်းထားပါတယ်။ ဒီလိုပြောလိုက်တဲ့အတွက် တခါတလေ မပူတော့ဘူးလို့ ပြောတာမဟုတ်ဘူး။ ကျနော်ပြောချင်တာကတော့ ပုံမှန်အတိုင်းပူတာတော့ရှိမှာပေါ့။ ရန်ကုန်ဆို ၄၀ လောက်ကတော့ အနည်းဆုံးပူမယ် ကျနော်ထင်တယ်။ အလယ်ပိုင်းဆိုလည်း ၄၄ လောက်ကပူမှာပဲ။ အဲဒါကို မပူဘူးလို့တော့ ကျနော်ပြောလို့ မရဘူး။ အတိုင်းအတာတခုထိတော့ ပူတာပေါ့ဗျာ။ ဒါပေမယ့် မနှစ်ကထက် မဆိုးဘူးပေါ့။ ဆိုလိုတာက မိုးလုံးဝမရွာဘဲနဲ့ ကောင်းကင်ကြီးက Clear sky ဖြစ်ပြီးတော့ နေ့စဉ်နေပဲ ပူနေရင် ကြာတော့ ထိန်းမနိုင်သိမ်းမနိုင် ပုံစံမျိုးဖြစ်တတ်တာမျိုးတော့ ဒီနှစ်မဖြစ်နိုင်ဘူး။ မိုးက အခုကတည်းက ရွာသင့်တဲ့နေရာတွေ ရွာနေပြီ။ မနှစ်က ဒီအချိန်မှာ မိုးရိပ်ကိုမရှိတာလေ။ အခုက မိုးတွေက တောင်ပိုင်းတွေမှာလည်း ရွာနေတယ်၊ မြောက်ပိုင်းလည်းရွာတာပဲ။ အခုဆိုရင် လူတွေလည်း စပြီးပူလာပြီလေ။ နွေရောက်ပြီလေ၊ မနက်ပြန်ဆိုနွေပဲလေ။ ဒီလောက်ကတော့ ပူမှာပဲ၊ အဲဒါလေးတော့ ကွဲကွဲပြားပြား သိဖို့တော့ လိုမှာပဲ။"

နွေရာသီကလွန်သွားတဲ့အချိန်မှာ ကျနော်တို့ မိုးတိမ်တောင်ကိစ္စတွေ တအားပူရင်လည်း ဖြစ်တတ်တဲ့ သဘောသဘာဝတွေရှိလာနိုင်မလား။

"အဲဒါတွေကတော့ မလျော့ဘူးဗျ။ မိုးတိမ်တောင်ရှိမှာပဲ၊ လေဆင်နှာမောင်းလည်းရှိမှာပဲ။ မုန်တိုင်းအန္တရာယ်လည်းရှိတာပဲ။ ဒါတွေ လျော့သွားမယ်လို့မဆိုလိုပါဘူး။ ကျနော်ပြောချင်တာကတော့ မနှစ်ကလို မပူဘူးဆိုတာရယ်၊ မနှစ်ကလို မိုးမနည်းဘူးဆိုတာရယ်၊ အဓိကကတော့ ဒါပါပဲ။ ကျန်တာတွေကတော့ အရင်တိုင်းပဲခင်ဗျ။ အခုနောက်ပိုင်း ၂၀၀၆ ကစပြီး မိုးတိမ်တောင်ဖြစ်တယ်၊ မိုးကြိုးပစ်တယ်၊ လေဆင်နှာမောင်းဖြစ်တယ်၊ မုတ်သုန်ဝင်တာနောက်ကျတယ်၊ မုတ်သုန်အားမကောင်းဘူး၊ မုတ်သုန်ထွက်တာ စောမယ်၊ ဒါတွေအားလုံးက ပြောင်းလဲမှုရှိမှာမဟုတ်ဘူး။ ပြည်သူတွေ သိထားသင့်တာလေးတွေ ပြောပြပေးပါခင်ဗျ။"

သိထားသင့်တာကတော့ မန္တလေးအက်ဖ်အမ်ရော၊ ဒီတပတ်ထဲ ထွက်မယ့် ဂျာနယ်တွေထဲမှာရော ပါပါလိမ့်မယ်၊ ကျနော်စိုးရိမ်တာ တခုပဲ ရှိပါတယ်။ လက်ရှိက လာနီညာဖြစ်နေတယ်။ လာနီညာဖြစ်နေတော့ မတ်လကုန်ရင်ပြီးမယ်လို့တော့ မှန်းတယ်။ ဒါပေမယ့် မေလအထိရှိနိုင်တယ်လို့ ပြောတယ်။ တကယ်လို့များ သူတို့ပြောတဲ့အတိုင်း မတ်လမှာမကုန်ဘဲ မေလအထိလာနီညာကြာနေမယ်ဆိုရင် ကျနော်တို့ သူ့ရဲ့မုန်တိုင်းကို ဂရုစိုက်ဖို့လိုပါတယ်။ ဒါလေးပဲကြိုပြောလိုပါတယ်။ ဒါသတိပေးတာလည်းမဟုတ်ဘူး၊ နိုးဆော်တာလည်းမဟုတ်ပါဘူး။ ကျနော်တို့အနေနဲ့စောင့်ကြည့်နေတယ်၊ စောင့်ကြည့်ဖို့လိုတယ်ဆိုတဲ့အဆင့် ပြောတာ၊ ဒါလည်းနားမထွေးစေချင်ပါဘူး။ မုန်တိုင်းဝင်မယ်ဖြစ်မယ်လို့ ကျနော်ပြောတာမဟုတ်ပါဘူး။ ကျနော်က သုံးဆင့်နဲ့ပြောတာဖြစ်ပါတယ်။

ပထမ စောင့်ကြည့်မယ်၊ နိုးဆော်မယ်၊ နောက်ပြီး သတိပေးမယ်။ အခုက ကျနော်တို့ စောင့်ကြည့်တဲ့အဆင့်ပဲ ရှိပါသေးတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် နွေရာသီကာလအတွင်းမှာတော့ မြန်မာတနိုင်ငံလုံးမှာ အပူချိန်စံချိန်တင်မှု ၂၀ ကြိမ်လောက်ဖြစ်ပေါ်ခဲ့ပါတယ်။ အဲ့ဒီမှာဆိုရင်တော့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေနဲ့ အခြားတိုင်းတွေဖြစ်တဲ့ ရန်ကုန်တိုင်း၊ ရောဝတီ၊ ပဲခူးတိုင်းတို့မှာလည်း ကြုံတွေ့ခဲ့ကြရပါတယ်။ ဒီလို အပူချိန်စံချိန်တင်မှုတွေကြောင့် အပူနဲ့ဆက်နွှယ်တဲ့ ရောဂါတွေနဲ့ လူသေဆုံးမှုနှုန်း မြင့်တက်တာတွေ၊ ရေကန်တွေ ခန်းခြောက်ပြီးသောက်သုံးရေ၊ စိုက်ပျိုးရေ အခက်အခဲတွေဖြစ်ပေါ်ခဲ့ရပါတယ်။

---

# ရွှေကျင်မှာ မိုင်းဆက်တိုက်ပေါက်ကွဲနေ

**DVB ၊ မတ်လ ၁ ။** ။ ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်ထဲမှာ ဖေဖော်ဝါရီလကုန်ပိုင်းက မိုင်းတွေ ဆက်တိုက်ပေါက်ကွဲနေတယ်လို့ နယ်မြေခံတွေကပြောပါတယ်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကစပြီး ၂၈ ရက်အထိ ပေါက်ကွဲခဲ့တာဖြစ်ပါတယ်။

၂၅ ရက်နေ့က ခလိန်မှာ မိုင်းနင်းမိတဲ့ နွားနှစ်ဦး ခြေကျင်းဝတ်အောက်ပိုင်းတွေ ပြတ်သွားတယ်လို့ ဆိုပါတယ်။ ၂၆ ရက်နေ့မှာ ခလိန်ရဲ့အထက်ပိုင်း မရမ်းအိုင် ဘုန်းကြီးကျောင်းဟောင်းရဲ့ ရှေ့ဘက်မှာထောင်ထားတဲ့ မိုင်းကိုဝါးလှည်းဆွဲတဲ့ကျွဲက နင်းပြီး ကျွဲခြေထောက်ပြတ်သွားခဲ့သလို လှည်းသမားအနည်းငယ် ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ဆိုပါတယ်။ ၂၆ ရက်နေ့မှာပဲ ရွှေရာနေတဲ့ ဝါးပိုးတောက ဖောင်ပေါ်မှာ ထပ်ပြီးပေါက်ကွဲခဲ့လို့ လူတယောက်သေဆုံးသွားခဲ့ပါတယ်။ ၂၇ ရက်နေ့မှာ ရွှေရွာသူတွေ အသုံးများတဲ့ မဒမချောင်းဘက်က စက်လမ်းဒေသအခေါ် ဗျူဟာလမ်းဘေးမှာ ထပ်မံပေါက်ကွဲပြီး နောက်တရက်မှာလည်း ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ပါတယ်။

ဒီမိုင်းတွေဟာ တပ်မတော်ဘက်က ထောင်တဲ့မိုင်းတွေလား၊ တော်လှန်ရေးအဖွဲ့အစည်းတွေက ထောင်တဲ့မိုင်းတွေလားဆိုတာ နှစ်ဘက်စလုံးက သတင်းထုတ်ပြန်တာမရှိသလို ရွာသားတွေကို မသွားဖို့သတိပေးတားမြစ်ချက်တွေလည်းလုပ်မထားဘူးလို့ ဆိုပါတယ်။ ဒီလို ဆက်တိုက်ပေါက်ကွဲမှုတွေဖြစ်နေပေမယ့် ဒေသလုံခြုံရေးစစ်တပ်က ရှင်းလင်းခြင်းမရှိတာကြောင့် ဒေသခံရွာသားတွေဟာ မိုင်းပေါက်ကွဲတဲ့ လမ်းကြောင်းတွေမှာပဲ အထူးသတိထား သွားလာနေရတယ်လို့လည်း ပြောပြပါတယ်။ ဒီသတင်းကို အစိုးရပိုင်မီဒီယာတွေမှာတော့ ရေးသားဖော်ပြတာမျိုး မရှိသေးပါဘူး။


www.foxtoon.com
NO. 496 Mar 4, 2011
ဒီလိုပုံနှင့် မိုးကြိုးချပ်လျှင် ....
CHANGE...
ဒီမို ... အမတ်များသို့
လွှတ်တော် မတိုင်ခင်
စောင့်ကြည့် ရဦးမယ်...
လွှတ်တော် ကာလ
နောက်တခါ အရွေးခံရရင်... ကြိုးစားပါဦး မယ်... အဟဲ...
လွှတ်တော် အပြီး

# နအဖတပ်မတော်က ၁၆ နှစ်သား ကလေးကို စစ်တပ်ထဲ အဓမ္မသွင်း

**DVB ၊ မတ်လ ၁ ။** ။တပ်မတော်စစ်သားစုဆောင်းရေးဌာနက ပဲခူးတိုင်း၊ ဝေါမြို့က (၁၆) နှစ်အရွယ် ဆယ်တန်းကျောင်းသားငယ်တယောက်ကို နာမည်ပြောင်းပြီးကလေးစစ်သားအဖြစ် အဓမ္မစုဆောင်းထားတယ်လို့ ကလေးအဖေက ပြောပါတယ်။

ဝေါမြို့နယ် အေးချမ်းသာယာရပ်ကွက် (၂) လမ်းက ဦးအောင်နိုင်နဲ့ ဒေါ်ညိုညိုလွင်တို့ရဲ့သား မောင်အောင်ဇင်ထိုက်ဟာ မကျန်းမာတဲ့ မိဘကိုလုပ်ကျွေးဖို့ ရန်ကုန်မှာအလုပ်သွားလုပ်ရင်း စစ်တပ်ထဲကို သွင်းခံခဲ့ရတာလို့ သူ့အဖေဖြစ်သူ ဦးအောင်နိုင်က ပြောပါတယ်။

“ကလေးက ၁၀ တန်းဖြေခါနီးမှာ ကျနော်ကလည်း ကျန်းမာရေးမကောင်းတော့ စာမေးပွဲမဖြေဘဲနဲ့ အလုပ်တခုသွားလုပ်မယ်ဆိုပြီး ထွက်သွားတာပါ။ အလုပ်သွားလုပ်ရင်း အလုပ်ကောင်းတယ်ဆိုပြီး တပ်စုဆောင်းရေးက မွန္တလေးကိုခေါ်သွားပါတယ်။ တပ်စုတယောက်က သူ့ကို ခေါ်သွားပြီး ဗိုလ်မှူးစိုင်းဇော်ထံမှာ ထားထားတယ်။ အဲကနေတဆင့် သွင်းလိုက်တာပါ။ ၁၆ နှစ်မပြည့်သေးဘူး လပိုင်းလိုပါသေးတယ်။”

မိဘတွေက သားကို ရှာပေမယ့်မတွေ့ဘဲ ၁၆ ရက် ၉ လ ၂၀၁၀ မှာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးမင်းကုန်း စစ်လေ့ကျင့်ရေးသင်တန်းကျောင်းကနေ စစ်သင်တန်းတက်နေတာကို အကြောင်းကြားလာတယ်လို့ ဦးအောင်နိုင်က ပြောပါတယ်။ ဒီအကြောင်းကြားစာမှာ စစ်သားစုဆောင်းရေးက ကလေးအမည်၊ ဖခင်အမည်နဲ့ ကလေးအသက်တွေကို ပြောင်းထားတယ်လို့ ဦးအောင်နိုင်က ပြောပါတယ်။

“အိမ်မှာကတော့ အောင်ဇော်ထက်လို့ခေါ်ပါတယ်။ တပ်ထဲမှာမင်းနိုင်ဦးလို့ခေါ်ပါတယ်။ အိမ်ကထွက်သွားတော့ မှတ်ပုံတင်ပါသွားပါတယ်။ဟိုရောက်မှ သူတို့က မှတ်ပုံတင်ကို ဓားနဲ့လှီးပြီးတော့ နာမည်အတုထည့်ပြီး အဖေအမေနာမည်ပါ ပြောင်းပစ်လိုက်တယ်။”

မိဘတွေက စစ်သင်တန်းကျောင်းမှာ သားနဲ့သွားတွေ့တဲ့အခါ စစ်တပ်မှာ မနေချင်ဘဲ ကျောင်းပြန်တက်ချင်တယ်လို့ ပြောသလို မိဘတွေကလည်း ကျောင်းဆက်ထားချင်တယ်လို့ ဦးအောင်နိုင်က ပြောပါတယ်။ ဒါကြောင့် သားငယ်ကို တပ်ကနေ ပြန်လည်ခေါ်ဆောင်လာပေးဖို့ ရန်ကုန် အိုင်အယ်လ်အိုဆက်ဆံရေးရုံးကို မနှစ်ဆယ်လပိုင်းက တိုင်ကြားခဲ့ပါတယ်။ ဒီလ ရှစ်ရက်နေ့မှာတော့ မွန္တလေးမှာ ရောက်နေတဲ့ သားက ဖုန်းဆက်လာတယ်လို့ ဦး အောင်နိုင်က ပြောပါတယ်။

“တပ်ရင်း ၁၅၀ မွန္တလေးတိုင်းကနေ ပြီးခဲ့တဲ့ ၈ ရက်နေ့က ကျနော့်ကို ဖုန်းဆက်ပါတယ်။ စာငါးစောင်နဲ့ တင်ပြထားတယ်ပေ့ါ၊ သူအပြီးထွက်လာရပါမယ်ဆိုပြီးတော့ ပြောတယ်။ အခု ၂၈ ရက်တုန်းကလည်း ဖုန်းလာပါတယ်။ ဒီက ပြောတဲ့စကားကို သူအကုန်ကြားရတယ်၊ ဟိုက ပြောတဲ့စကားကို ကျနော်တို့က တလုံးပဲကြားလိုက်ရပါတယ်။ တပ်ထဲမှာ အဖေသား လျော်ရမယ်လို့ အဲလိုပြောပါတယ်။”

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကလေးစစ်သားအသုံးပြုမှု အများဆုံးနိုင်ငံစာရင်းထဲမှာပါရှိပြီး လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့အဆိုအရ ၆ သောင်းကျော်ရှိတယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့လပိုင်းတွေမှာ ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံပြည်သူ့စစ်ဥပဒေမှာလည်း အရွယ်ရောက်ပြီး အမျိုးသား၊ အမျိုးသမီးတိုင်း စစ်မှုထမ်းကြရမယ်လို့ပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော်ခြင်းတော့ မရှိသေးပါဘူး။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စ တင်၍ အပတ်စဉ် ထုတ်ဝေသည်

AIR MAIL

PRINTED MATTER